# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# သတ္တမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၅၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၂၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့အမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁ ရက်၊

(၂) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၃) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၁ ရက်၊

(၄) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

**မူကြမ်း**

(၅) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၄ ရက်၊

(၆) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၇) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၈) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၄ ရက်၊

(၉) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၄ ရက်၊

(၁၀) မိုးညှိမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၄ ရက်၊

(၁၁) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ဟန် ခွင့် ၁ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်း ခွင့် ၁ ရက်၊

(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြတ်ခိုင် ခွင့် ၁၂ ရက်၊

(၁၆) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် ခွင့် ၁ ရက်၊

(၁၇) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၁၈) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်နှင့်

(၁၉) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံတော်အတွင်း လယ်ယာမြေဆုံးရှုံးမှုကိစ္စများနှင့် အခြေခံလူတန်းစားများအတွက် အရစ်ကျပေးချေသည့်တိုက်ခန်းကိစ္စများ မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူများဆုံးရှုံးသွားတဲ့ လယ်ယာမြေ ပြန်လည်ရရှိရေးနှင့် စားဝတ်နေရေးမှာ အရေးကြီးဆုံးဖြစ်တဲ့ ပြည်သူများနေထိုင်ရေးနှင့်ပတ်သက်တဲ့မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ ယခင်ကာလများက လယ်ယာမြေများ သိမ်းဆည်းခံခဲ့ရပြီး ယနေ့ စိုက်ပျိုးစရာ၊ နေထိုင်စရာ မြေမရှိဖြစ်နေတဲ့ လယ်သမားများအရေးကို ဖြေရှင်းပေးတဲ့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များ စဉ်ဆက်မပြတ်နည်းမျိုးစုံနဲ့ ကြိုးစားဆောင်ရွက်လျက်ရှိနေကြသလို ပြည်ထောင်စုအစိုးရအနေနဲ့လည်း သိမ်းဆည်းလယ်ယာမြေများ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဗဟိုမြေယာစီမံခန့်ခွဲမှုကော်မတီကနေ မြို့နယ်မြေယာစီမံခန့်ခွဲမှုကော်မတီအထိ အဆင့်ဆင့်ဖွဲ့စည်းပြီး ဖြေရှင်းဆောင်ရွက်ပေးနေပေမယ်လို့ ကျွန်တော်တို့မြို့နယ်တွေမှာ နှစ်ဦးနှစ်ဖက် လျော်ကြေးပေးတာကလွဲလို့ ဒီနေ့အထိ ထူးခြားမှုမရှိသေးတာကို တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ လက်တွေ့အခြေအနေ

ကိုလေ့လာကြည့်ရင် ဗဟိုကနေမြို့နယ်ကို စိစစ်တင်ပြဖို့ ညွှန်ကြားပေမယ်လို့ အောက်ခြေမှာ သေသေချာချာစိစစ်မှုအားနည်းသလို မှန်မှန်ကန်ကန်ပြန်လည်တင်ပြခြင်းမရှိဘဲနဲ့ လယ်သမားတွေကို ပြန်လည်ပေးအပ်နိုင်တဲ့ ပလပ်မြေတွေကို ဝန်ထမ်းအချို့နဲ့ ပွဲစားတွေပူးပေါင်းပြီး အကွက်ရယူနေကြတာတွေ၊ အဖွဲ့အစည်းအမည်ခံပြီးတော့ တရားဥပဒေနဲ့မညီညွတ်ဘဲနဲ့ မြေကွက်တွေရောင်းစားပြီးတော့ အဆင်ပြေသလို ဆောင်ရွက်နေကြတာတွေကြောင့် လယ်သမားများမှ လယ်ယာမြေပြန်လည်ရရှိခြင်းမရှိဘဲနဲ့ အခု လုပ်ငန်းနဲ့ပတ်သက်လို့ ပုံမှန်ရုံးလုပ်ငန်းအတိုင်းပဲ ဗဟိုကနေ စာနဲ့ အောက်ခြေကို မေးနေလို့ကတော့ မမှန်မကန်တင်ပြတာကို ကြုံနေကြဦးမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူရဲ့အကျိုးကို မျှော်ကိုးပြီးတော့ ယုံကြည်စိတ်ချရတဲ့အဖွဲ့တွေနဲ့ ကွင်းဆင်းပြီး မျက်မြင်စစ်ဆေးဆုံးဖြတ်ဖို့လိုနေပါပြီ။ ဒီကိစ္စနဲ့ပတ်သက်လို့ ပြည်သူတွေ ကျေနပ်မှုတမှုရှိအောင် ဘယ်လိုဆောင်ရွက်ပေးပါမလဲ။ ဒုတိယအချက်အနေနဲ့ တစ်နေ့တခြားတိုးပွားလာတဲ့ နိုင်ငံရဲ့လူဦးရေ၊ စီးပွားရေးအရ ကျေးလက်ဒေသကနေ မြို့ပေါ်တက်လာတဲ့ လူဦးရေ ဒီအခြေအနေတွေအရ မြေမဲ့ယာမဲ့ နေထိုင်စရာမရှိလို့ ကျူးကျော်နေထိုင်နေရတဲ့လူတွေ၊ ၈ ပေပတ်လည်အခန်းကို သုံးသောင်းနဲ့ငှားပြီးတော့ ငှားရမ်းနေရတဲ့လူတွေ တစ်နေ့တခြားတိုးပွားလာတာကို သိပါသလား။ သိရင် ဒီကိစ္စဖို့ ဘယ်လိုဖြေရှင်းပေးဖို့ စီစဉ်ထားပါသလဲ။ တတိယအချက်အနေနဲ့ ပြည်ထောင်စုအစိုးရအနေနဲ့ တန်ဖိုးနည်း၊ တန်ဖိုးများ၊ တန်ဖိုးသင့် အိမ်ရာတွေဆောင်ရွက်ပေးနေတာကို ကျေးဇူးတင်ပါတယ်။ သို့သော် အခြေခံလူတန်းစားများအတွက် ဒီအိမ်ရာတွေဟာ ဘယ်လိုမှမတတ်နိုင်သလို လက်သင့်ရာပေးနေတာမျိုး ရှိနေသေးတာမို့ လက်တွေ့ကျပြီးတော့ ဖြစ်နိုင်ချေရှိတဲ့ လက်ရှိဝန်ထမ်းတွေ၊ စစ်မှုထမ်းဟောင်း၊ ရဲဝန်ထမ်းဟောင်းတွေ၊ အငြိမ်းစား ဆရာဆရာမတွေအပါအဝင် နိုင်ငံ့ဝန်ထမ်းတွေကို လစဉ်အရစ်ကျပေးသွင်းရတဲ့စနစ်မျိုးနဲ့ စီစဉ်ပေးဖို့အစီအစဉ်ရှိပါသလား။ မရှိခဲ့ရင် ဘယ်လိုဖြေရှင်းပေးဖို့ စီစဉ်ထားပါသလဲ။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပြီး လိုရာဆန္ဒတွေ ပြည့်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်

ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်မောင်ဦးမှ မေးမြန်းထားတဲ့ လယ်ယာမြေဆုံးရှုံးမှုကိစ္စများကို ပြည်သူများကျေနပ်မှုတမှုရှိအောင် မည်သို့ဆောင်ရွက် စီစဉ်ထားပါသလဲ။ နေထိုင်ရန်မြေပိုင်ဆိုင်မှုမရှိသူများအတွက် မည်သို့စီစဉ်ထားပါသလဲ။ နေထိုင်ရန် တိုက်ခန်းကိစ္စကို တန်ဖိုးနည်း၊ တန်ဖိုးသင့်မဟုတ်ဘဲ အခြေခံလူတန်းစားများအတွက် အမှန်တကယ် လက်တွေ့ကျကျ ဖြစ်နိုင်မယ့် လစဉ်အရစ်ကျဖြင့် ဖြစ်နိုင်ခြေရှိသည့် ငွေပေးသွင်းသည့်စနစ်မျိုး စီစဉ်ထားပါသလား စတဲ့မေးခွန်းများနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ လယ်ယာမြေဆုံးရှုံးမှုကိစ္စများနှင့်ပတ်သက်ပြီးတော့ မြို့သစ်စီမံကိန်း အကောင်အထည်ဖော်နိုင်ရန် အများပြည်သူအကျိုးအလို့ငှာ လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးဆောင်ရွက်ခဲ့ရပြီး တည်ဆောက်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါတယ်။ မြို့ပြစီမံကိန်းများဖော်ထုတ်စဉ်အချိန်ကာလမှာ မြေပေါ်ရှိလူနေထိုင်မှုရှိသော အဆောက်အဦ၊ လယ်တဲ၊ ကျူးကျော်တဲများကို နေထိုင်မှုအဆင်ပြေစေရန် (၂၀ ပေ x ၆၀ ပေ)၊ (၄၀ ပေ x ၆၀ ပေ) မြေကွက်များ မြေစည်ပင် စရိတ်အခမဲ့ဖြင့်လည်းကောင်း၊ မြေစည်ပင်စရိတ်ပေးသွင်းခြင်းဖြင့်လည်းကောင်း ပြန်လည်နေရာချထားပေးခဲ့ပါတယ်။ ယခင် လယ်သမားအချို့ဒေသများမှာ စိုက်ပျိုးခြင်းမရှိတဲ့မြေ လယ်ဧကတစ်ဧကလျှင် ကျပ် ၁၀၀၀၀ နှုန်း စိုက်ပျိုးထားသောလယ်မြေ တစ်ဧကလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် နစ်နာကြေး/လျော်ကြေးပေးခဲ့ရာ ထိုအချိန်က ကာလပေါက်ဈေးထက်ကျော်လွန်၍ ပေးခဲ့ခြင်းဖြစ်ပါတယ်။ မြို့သစ်အတွင်းမှာရှိတဲ့ ကျေးရွာများအား မြို့ကွက်အဆင့်မြှင့်တင်ဖော်ထုတ်ပေးခဲ့ပြီး အဆိုပါနေရာများမှာပင် ကျေးရွာရှိအိမ်ခြေများအား စနစ်တကျအကွက်ရိုက်၍ ပြန်လည်နေရာချထားပေးခဲ့ပါတယ်။ မြို့သစ်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စက်မှုမြို့/စက်မှုဇုန်များ ဖော်ထုတ်ခြင်း၊ လူမှုအဆောက်အအုံများဖြစ်တဲ့ ဆေးရုံ၊ ဆေးပေးခန်း၊ ကျောင်းများ၊ ဈေးများ၊ နေ့ကလေးထိန်းကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ဘိုးဘွားရိပ်သာများ စသည့် လူမှုရေးအဆောက်အအုံများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်သူများ ကျေနပ်မှုတမှုရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ယခုအချိန်မှာလည်းပဲ ကျွန်တော်တို့အဖွဲ့အနေနဲ့ အောက်ခြေအထိကွင်းဆင်းပြီး အသေးစိတ်စစ်ဆေးပြီးတော့ ပြည်သူများ လိုအပ်ချက်များကို အမှန်တကယ်အဆင်ပြေမှုရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပထမမေးခွန်းအား ဖြေကြားအပ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းဖြစ်တဲ့ နေထိုင်ရန် မြေပိုင်ဆိုင်မှုမရှိသူများဆိုသည်မှာ အနယ်နယ်အရပ်ရပ်မှ ရန်ကုန်မြို့သို့ အလုပ်အကိုင်ရှာဖွေရင်း ပြောင်းရွှေ့လာကြတဲ့ ကျူးကျော်မိသားစုများနှင့် ရန်ကုန်မြို့မှာ ကျူးကျော်တဲအိမ်များအဖြစ် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ပြီးဖြစ်တဲ့ မိသားစုများဖြစ်တာကြောင့် အနေကြာကျူးကျော်တဲအိမ်များစာရင်းကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှ စာရင်းကောက်ယူဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ထိုသို့နေထိုင်ရန် မြေပိုင်ဆိုင်မှုမရှိသူများအတွက် အငှားချပြည်သူ့အိမ်ရာစနစ်ကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ နေထိုင်ရန်တိုက်ခန်းများကို အခြေခံလူတန်းစားများအတွက် အမှန်တကယ်လက်တွေ့ကျကျဖြစ်နိုင်တဲ့ လစဉ်အရစ်ကျပေးသွင်းသည့်စနစ်မျိုး စီစဉ်ထားခြင်းရှိ/မရှိ မေးမြန်းခြင်းနဲ့ပတ်သက်ပြီးတော့ လစဉ်ဝင်ငွေပုံမှန်ရှိသော အလုပ်အကိုင်ရှိသူတိုင်း အကျုံးဝင်မည့် တစ်ဦးချင်းဝင်ငွေ စုဆောင်းမှုစနစ် (Myanmar Provident Fund) ကို ထူထောင်ရန်နဲ့ ဝင်ငွေနည်းသောအခြေခံလူတန်းစားများ ဝယ်ယူနိုင်စွမ်းရှိတဲ့ တန်းဖိုးနည်းအိမ်ရာစီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိပြီး လစဉ်အရစ်ကျပေးသွင်းနိုင်ရေးအတွက် နှစ်ရှည်အရစ်ကျပေးသွင်းသည့်စနစ် ဝယ်ယူနိုင်အောင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (Construction and Housing Development Bank) မှ အသေးစိတ်တွက်ချက်ပြီး စီစဉ်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပျူမြို့ဟောင်းသုံးမြို့သည် ပုဂံခေတ်အား မြန်မာမှုလက်ရာမြောက်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းမြင့်မားမှုများ ကျန်ရစ်အောင် မျိုးစေ့ချပေးခဲ့ခြင်းဆိုသည့် အကြောင်းအရာကိစ္စရပ်များကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးလှမောင်၊ ချောင်းဆုံမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှမောင်(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြကုန်သော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချောင်းဆုံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးနိုင်လှမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှေးပျူမြို့ဟောင်း သုံးမြို့တို့ဟာ ပုဂံခေတ်အား မြန်မာမှုလက်ရာမြောက်မှုနှင့် ဘာသာသာသနာရိုးရာယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းမြင့်မားမှုများ ကျန်ရစ်အောင် မျိုးစေ့ချပေးခဲ့ခြင်းဆိုတဲ့ အကြောင်းအရာနှင့် စပ်လျဉ်းပြီးတော့ ဆွေးနွေးမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီအကြောင်းအရာတွေနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြရမည့် အချက်အလက်တွေ များပြားနေပြီးတော့ အတိုချုပ်ပြီး ခြုံငုံတင်ပြပြောဆိုသည့်တိုင်အောင် အချိန်ကို ၂ မိနစ်ခန့် လိုအပ်မည် ဖြစ်တဲ့အတွက် လိုအပ်တဲ့အချိန်ကို ဆွေးနွေးခွင့်ပြုနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ကြိုတင်ခွင့်တောင်းအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ ရှေးပျူမြို့ဟောင်း သုံးမြို့ဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့တို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အတည်ပြုသတ်မှတ်လိုက်ကြောင်းဆိုသော သတင်းကို ၂၅-၆-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်တွေ့ရှိရပါတယ်။ အဆိုပါသတင်းနှင့်စပ်လျဉ်းကာ စာပိုဒ်တစ်ပိုဒ်တွင်လည်းပဲ ပျူမြို့ဟောင်း သုံးမြို့တို့အား ပုဂံခေတ် မြန်မာ့လက်ရာမြောက်မှုနှင့် ဘာသာသာသနာ ရိုးရာယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းမြင့်မားမှုကျန်ရစ်အောင် မျိုးစေ့ချပေးနိုင်ခဲ့သည်ဟု ရေးသားထားသည်ကို တွေ့ရှိရပါတယ်။ ထိုရေးသားချက်များတို့သည် ကျွန်တော်သိရှိထားသည့် အကြောင်းအရာဖြစ်စဉ်များတို့နှင့် ကွဲလွဲနေပါသဖြင့် တိကျခိုင်လုံသော အဖြေမှန်ကိုသိရှိလိုပါ၍ ယခုလိုဆွေးနွေးမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်သိရှိထားသော အကြောင်းအရာဖြစ်စဉ်တွေကတော့ ပုဂံပြည်၏ ဗုဒ္ဓဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံအမွေအနှစ်များတို့သည် သုဝဏ္ဏဘူမိ သထုံပြည် မွန်တို့ဌာနီမှ ရရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အခြေခံထားရှိပြီးမှသာလျှင် ဖွံ့ဖြိုးတိုးတက်ထွန်းကားပြန့်ပွားမှု ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ ထိုဖြစ်စဉ်များကို ရှေးဟောင်းသမိုင်းမှတ်တမ်းများမှ တွေ့ရှိထားပါသဖြင့် ထိုတွေ့ရှိချက်များကို အကျဉ်းမျှ တင်ပြအပ်ပါသည်။

ခရစ်သက္ကရာဇ် ၁၀၄၄-၁၀၇၇ ခုနှစ် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးလက်ထက် ပုဂံပြည်တွင် အရည်းရဟန်းများတို့၏ အယူဝါဒစိုးမိုးမှုကို မနှစ်သက်၍ စစ်မှန်ကောင်းမွန်သော ဘာသာရေးဝါဒ တစ်ရပ် ပေါ်ပေါက်လာရေးကို တောင်းတနေချိန်မှာပင် သုဝဏ္ဏဘူမိ သထုံပြည် မွန်တို့ဌာနေမှ သာသနာပြုရန် ရှင်အရဟံခေါ် ဆိုသည့် မွန်ရဟန္တာမထေရ်သူမြတ်နှင့်တွေ့ရှိပြီး ဗုဒ္ဓ၏အဆုံးအမတရားတော်များကို ဟောကြားနာယူခဲ့ရာမှ အနော်ရထာမင်းကြီးနှင့်တကွ ပုဂံတစ်နိုင်ငံလုံးရှိ ပြည်သူများတို့

သည် ဗုဒ္ဓဘာသာအယူဝါဒကို ယုံကြည်စွာဖြင့် စတင်ကိုးကွယ်ခဲ့ကြောင်းနှင့် သထုံပြည့်ရှင် မနူဟာမင်းတွင် ပိဋကတ်တော်အစုံ ၃ဝ ရှိကြောင်း ရှင်အရဟံမထေရ်မြတ်ထံမှသိရှိရပြီး အဆိုပါပိဋကတ်တော်ကို ရယူရန်အလို့ငှာ သုဝဏ္ဏဘူမိ သထုံပြည်အား တိုက်ခိုက်ခဲ့ရာ ပိဋကတ်တော် အစုံ ၃ဝ နှင့်တကွ သထုံမနူဟာမင်း၊ မိဖုရားတော်နှင့် မောင်းမမိဿံများ၊ ပညာရှိမှူးမတ်ဗိုလ်ပါများ၊ စာပေပရိယတ္တိနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ ပန်း ၁ဝ မျိုးပညာရှင်များ၊ စစ်သည်ရဲမက်များ၊ ဆင်ဖြူတော် ၃၂ စီး အပါအဝင် ဆင်၊ မြင်း၊ ရတနာများ၊ အဖိုးတန်ကျောက်မျက်ရတနာများတို့ကိုပါ သိမ်းယူ၍ ပုဂံပြည်သို့ ပြန်လာကြရာ ဖမ်းဆီးခေါ်ဆောင်လာသူများတို့အား ၎င်းတို့တတ်စွမ်းသော ပညာရပ်အလိုက် သင့်တော်သည့်အလုပ်ကို ထိုက်လျောက်စွာ တာဝန်ပေးလုပ်ကိုင်စေခြင်းအားဖြင့် ပုဂံပြည်သည် ဘာသာ၊ သာသနာ၊ လူမှုစီးပွားရေး၊ ယဉ်ကျေးမှုအနုပညာများ တိုးတက်ထွန်းကား၍ စည်ပင်သာယာဝပြောလာပါကြောင်း သိရှိမှတ်သားရပါသည်။

သို့ဖြစ်ပါ၍ ပုဂံနိုင်ငံတော်ကြီး၏ ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများတို့သည် သုဝဏ္ဏဘူမိသထုံပြည်၏ အမွေအနှစ်ကြောင့် တိုးတက်စည်ကားလာပါကြောင်း သမိုင်းကြောင်းအထောက်အထားအသီးသီးမှ သိရှိထားပြီး အထက်ဖော်ပြပါ ကြေးမုံသတင်းအရ ပုဂံခေတ်ယဉ်ကျေးမှုသည် ပျူသုံးမြို့မှ မျိုးစေ့ချခဲ့သည်ဟု ညွှန်းဆိုရေးသားထားပါသဖြင့် တင်ပြပါ သမိုင်းတွေ့ရှိချက် အထောက်အထားများတို့နှင့် မတူကွဲပြားခြားနားမှုရှိကြပါ၍ အဆိုပါမတူညီသည့်အချက်နှစ်ချက်အနက် မည်သည့်အချက်က မှန်ကန်ကြောင်းဆိုတာကို သိရှိလိုပါကြောင်း ပထမမေးခွန်းတစ်ရပ်အဖြစ် မေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းတစ်ရပ်မှာ ပုဂံပြည်ရှိ ဘာသာသာသနာနှင့်သက်ဆိုင်သည့် ရှေးဟောင်းစေတီပုထိုးအဆောက်အဦများ၊ ယဉ်ကျေးမှုအနုပညာလက်ရာအမွေအနှစ်များ၊ ကျောက်စာများတို့သည် ပျူမြို့ဟောင်း သုံးမြို့မှ မျိုးစေ့ချခဲ့သော အမွေအနှစ်များဖြစ်သည်ဟု ဆိုပါလျှင် မှန်ကန်ပါမည်လား သို့တည်းမဟုတ် အဆိုပါပုဂံပြည်ရှိ ရှေးဟောင်းစေတီပုထိုးကျောင်းများနှင့် ယဉ်ကျေးမှုအနုပညာလက်ရာအမွေအနှစ်များ၊ ကျောက်စာများတို့သည် သုဝဏ္ဏဘူမိ သထုံပြည် မွန်တို့ယဉ်ကျေးမှုကို အခြေခံ၍ ရရှိလာသော ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်ဟုဆိုပါလျှင် မှားပါမည်လား။ တတိယမေးခွန်းကတော့ ပျူမြို့ဟောင်း သုံးမြို့တို့သည် ပုဂံခေတ်အား ဘာသာသာသနာ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ အဆင့်အတန်းမြင့်မားမှု ကျန်ရစ်အောင် မျိုးစေ့ချခဲ့ခြင်းဆိုသည့်ကိစ္စသည် မှန်ကန်

မည်ဆိုပါက (က) ပုဂံခေတ်သည် ယဉ်ကျေးမှုအမွေအနှစ်များ အဆင့်မြင့်မားနေရန် လိုအပ်မည်ဖြစ်ပါသော်လည်း အနော်ရထာမင်းလက်ထက်အထိ ပုဂံပြည်ကို အရည်းကြီးရဟန်းအယူဝါဒများ အဘယ်ကြောင့် လွှမ်းမိုးခြင်းခံနေရပါသနည်း။ (ခ) ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် သထုံပြည်မှ ကြွရောက်လာသော အရှင်အရဟံအမည်ရှိ မွန်ရဟန်းတော်ထံမှ ဗုဒ္ဓဘာသာ အယူဝါဒအဆုံးအမများတို့ကို လက်ခံရယူရန် အဘယ်ကြောင့် လိုအပ်ပါဦးမည်နည်း။ (ဂ) ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် ပိဋကတ်တော် အစုံ ၃၀ နှင့် စာပေပရိယတ္တိများ၊ ယဉ်ကျေးမှုအနုပညာများ၊ ပန်း ၁၀ မျိုးပညာရှင်များ အစရှိသော အမွေအနှစ်များတို့ကို သထုံပြည့်ရှင် မနူဟာမင်းထံ တိုက်ခိုက်သိမ်းယူရန် အဘယ်ကြောင့်လိုအပ်ပါဦးမည်နည်း။

**ဥက္ကဋ္ဌ**။ ။ ယခု ဦးလှမောင် မေးမြန်းတဲ့မေးခွန်းဟာ ကျွန်တော်တို့လွှတ်တော်ရုံးသို့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့က ရောက်ရှိလာတဲ့အတွက် ဒီမေးခွန်းကို သက်ဆိုင်ရာအစိုးရနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကို ပေးပို့ထားပါတယ်။ ဒါကြောင့်မို့လို့ ယခုတင်ပြနေတဲ့မေးခွန်းပါ အကြောင်းအရာများကို သက်ဆိုင်ရာဝန်ကြီးဌာနအားလုံး သိပြီးဖြစ်ပါတယ်။ ဒါကြောင့် အခုမေးမြန်းတဲ့မေးခွန်းများအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ရှင်းလင်းဖြေကြားပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းဆွေ(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ် ဦးလှမောင် (ခေါ်) ဦးနိုင်လှမောင် မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးလက်ထက်မှာ ရှင်အရဟံ ခေါ် မွန်ရဟန္တာမထေရ်သူမြတ်နှင့်တွေ့ပြီး ဗုဒ္ဓရဲ့အဆုံးအမများကို နာယူခဲ့ခြင်း၊ သထုံမှ ပိဋကတ်တော်သုံးပုံရရှိခဲ့ခြင်းတို့ကြောင့် ပုဂံပြည်သည် ထေရဝါဒ ဗုဒ္ဓသာသနာ စာပေယဉ်ကျေးမှုတိုးတက်စည်ကားလာခြင်းမှာ လွှတ်တော်ကိုယ်စားလှယ် တော်ကြီး တင်ပြသကဲ့သို့ အမှန်ပင်ဖြစ်ပါတယ်။ ဒါပေမယ့် ပုဂံပြည်မှာ ယခင်အဆက်ဆက်မင်းများ လက်ထက်ကတည်းက ရိုးရာယဉ်ကျေးမှုများ ထွန်းကားနေပြီဖြစ်သော်လည်း သုဝဏ္ဏဘူမိ သထုံပြည်၏ အမွေအနှစ်ကြောင့် ပိုမိုထွန်းကားစည်ကားလာတယ်လို့ ဆိုပါက ပိုပြီးမှန်ကန်မယ်လို့ ဆိုချင်ပါတယ်ခင်ဗျာ။

ဒီနေရာမှာ တင်ပြလိုတာကတော့ မျက်မှောက်ခေတ်ကာလမှာ ယဉ်ကျေးမှုဖြစ်စဉ်တို့ရဲ့ ဝိသေသနှင့် လက္ခဏာ (Cultural Significance and Identity) ကိုဖော်ထုတ်အဓိပ္ပာယ်ကောက်ယူရာမှာ ရှေးဟောင်းသမိုင်းမှတ်တမ်းတို့သာမက ရှေးဟောင်းသုတေသနနည်းလမ်းတို့ဖြင့် ရှာဖွေဖော်ထုတ်တင်ပြသည့်အခါ ပိုမိုတိကျပြီး ခိုင်မာတဲ့အဓိပ္ပာယ်ဖော်ညွှန်းချက်တို့ကို ရရှိလာမှာဖြစ်ပါတယ်။

ပျူမြို့ဟောင်းသုံးမြို့ကို လေ့လာသုံးသပ်ရာမှာ ရှေးဟောင်းသုတေသနဆိုင်ရာများ စူးစမ်းလေ့လာခြင်း (Studies on Archaeological Evidence) နှင့် စာပေမှတ်တမ်းအထောက်အထားဆိုင်ရာလေ့လာခြင်း (Studies on Historical, Chronological, Written Record) တို့နှင့် လေ့လာသုံးသပ်အပ်ပါတယ်။ ရှေးဟောင်းသုတေသနဆိုင်ရာ လေ့လာသုတေသနပြုမှုကြောင့် တွေ့ရှိခဲ့သည့်ကြွင်းကျန်ရုပ်ဝတ္ထုအထောက်အထားများ (Tangible Evidence) အရလည်းကောင်း၊ တောင်အာရှ (South Asia)နှင့် အရှေ့တောင်အာရှ (Southeast Asia) ဒေသတို့မှာ တွေ့ရှိတဲ့ ကြွင်းကျန်ရစ်သော ဝတ္ထုပစ္စည်းများနှင့် နှိုင်းယှဉ်ဆက်စပ်၍လည်းကောင်း၊ သိပ္ပံနည်းကျခေတ်မီသက်တမ်းတွက်ချက်မှုအရလည်းကောင်း ပျူမြို့ဟောင်းများသည် (က) ခရစ်နှစ်မတိုင်မီ ၂ ရာစုမှ ခရစ်နှစ် ၉ ရာစုအကြား မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့ခြင်း၊ (ခ) အိန္ဒိယနိုင်ငံရှိ ပွင့်ထွန်းပေါ်ပေါက်ခဲ့သော ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုကို လက်ခံခဲ့ခြင်းနှင့် ဗုဒ္ဓယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံတို့ကို လက်ခံကျင့်သုံးခဲ့ခြင်း၊ အရှေ့အာရှနှင့် အရှေ့တောင်အာရှတို့သို့ ပြန့်ပွားပျံ့နှံ့ရောက်ရှိစေခြင်း၊ (ဂ) ဗိသုကာအနုလက်ရာတို့တွင် မိမိတို့ ရှိရင်းစွဲနည်းပညာနှင့် အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဘာသာဆိုင်ရာ ဗိသုကာလက်ရာ၊ အနုပညာလက်ရာတို့ကို ပေါင်းစပ်၍ ထူးခြားဆန်းသစ်လှသော ဟန်၊ လက်ရာတို့ကို ဖန်တီးနိုင်ခဲ့ခြင်း၊ (ဃ) အိန္ဒိယနိုင်ငံသုံး ပြဟ္မီဆင့်ပွားအက္ခရာကိုအသုံးပြုပြီးတော့ ဗုဒ္ဓဘာသာဆိုင်ရာ စာပေတို့ကို ရေးသားအသုံးပြုခြင်းနှင့်အတူ ဖော်ပြပါပြဟ္မီဆင့်ပွားအက္ခရာတို့ကိုမူတည်၍ ပျူအက္ခရာနှင့် ပျူဘာသာတို့ကို တီထွင်ဖန်တီးနိုင်ခဲ့ခြင်း၊ (င)ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများကို ခေတ်ပြိုင်တရုတ်မှတ်တမ်းများနှင့် နှိုင်းယှဉ်လေ့လာရာမှာ တိုက်ဆိုင်ဆက်စပ်လျက်ရှိခြင်း အထက်ဖော်ပြပါ အထောက်အထားများ၏ ကျိုးကြောင်းဆက်စပ်ဖော်ပြချက်များအရ ပျူယဉ်ကျေးမှု(ဝါ) ပျူမြို့ဟောင်းသုံးမြို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကာလ၌ ဘာသာ၊ စာပေ၊ ကိုးကွယ်မှု၊ ဓလေ့ထုံးစံ၊ ဗိသုကာ၊ အနုပညာ၊ အတတ်ပညာတို့သည် ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓယဉ်ကျေးမှုကို အခြေခံကာ မြို့ပြမြို့ဟောင်းများဖြစ်ကြောင်း ကောက်ချက်ချနိုင်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များအရ ကိုက်ညီမှုရှိတဲ့အတွက် ထိုပျူမြို့ဟောင်းများအနက်မှ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းသုံးမြို့ကို

ကမ္ဘာ့အမွေအနှစ် ညီလာခံက ကမ္ဘာ့အမွေအနှစ်အဖြစ် အတည်ပြုလိုက်ခြင်းဖြစ်ပါတယ်။ ပျူမြို့ဟောင်းများရှိ ဗိသုကာလက်ရာများနှင့် ပုဂံခေတ်အစောပိုင်းကာလ ဗိသုကာအနုလက်ရာများဟာ တစ်ခုနှင့်တစ်ခု ဆင့်ပွားကူးလူးဆက်ဆံနေခြင်း၊ ပြည်တွင်း ပြည်ပရှေးဟောင်းသုတေသနပည ရှင်များ၏ လေ့လာတွေ့ရှိချက်များအရလည်း သိရပါတယ်။ အထူးသဖြင့် ပျူယဉ်ကျေးမှုနှင့် ခေတ်ပြိုင်ယဉ်ကျေးမှုများ တစ်နည်းအားဖြင့် ခရစ်နှစ်ဦးကာလ အရှေ့တောင်အာရှသို့ ဖြစ်တည်ပေါ်ထွန်းခဲ့သော မြို့ပြယဉ်ကျေးမှု (Urbanization of Southeast Asia) နှင့်ပတ်သက်ပြီးတော့ နှစ်ပေါင်းများစွာ သုတေသနပြုလေ့လာလျက်ရှိတဲ့ Cambridge တက္ကသိုလ်က အာရှနှင့် အရှေ့တောင်အာရှဆိုင်ရာ ကျွမ်းကျင်မှုပညာရှင် ပါမောက္ခ Professor Dr.Janic Stargardt, Sidny Sussex College, University of Cambridge ကလည်း ပျူယဉ်ကျေးမှုသည် ပုဂံခေတ်ယဉ်ကျေးမှုဖြစ်တည်တိုးတက်မှု၊ ဖွံ့ဖြိုးမှုအတွက် အရေးပါကြောင်းကို ထောက်ခံပြောကြားခဲ့ ပါတယ်။

အနော်ရထာခေတ်မတိုင်မီကတည်းက ပုဂံဒေသတွင် ပျူဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ ဗိသုကာ၊ အနုပညာလက်ရာများ ရှိနေသင့်သည်ကို အောက်ပါအထောက်အထားများနှင့် ဆက်စပ်ဖော်ပြလိုပါတယ်။ သမိုင်းအရ အေဒီ ၁၀၇ နှင့်ပုဂံခေတ်ဒေသ ယုန်လွှတ်ကျွန်းအရပ်မှာ သရေခေတ္တရာပျူမင်းဆက်ဖြစ်တဲ့ သမုဒ္ဒရာဇ်မင်းကြီးဟာ ပျူကိုးရွာကိုစုစည်းပြီး ပထမပုဂံကို တည်ထောင်ခဲ့ပါတယ်။ သရေခေတ္တရာမြို့ဟောင်းရှိ လေးမျက်နှာဘုရား၊ ရဟန္တာဂူဘုရားနှင့် ဘုရားထောင်ဂူဘုရားများရှိ အုတ်စီ၊ ပေါင်းကူး၊ မုခ်ခုံး (Arch) တည်ဆောက်မှုအတတ်ပညာများသည် ပုဂံခေတ်ဂူဘုရားများရဲ့ ရှေ့ပြေးပုံအဖြစ် တွေ့ရပါတယ်။ ပျူစောထီးတည်ထားခဲ့တဲ့ ဗူးဘုရားနေရာမှာ ၁၉၇၅ ခုနှစ်က လျှောင်ကြီး ပြိုပျက်ရာမှာ တွေ့ရှိတဲ့ အုတ်ခွက်ဘုရားများ၊ လက်ရေးစင်းအုတ်များက ပျူခေတ်လက်ရာ အထောက်အထားများဖြစ်ကြောင်း ကောက်ချက်ယူနိုင်ပါတယ်။ ယခု ထိုပစ္စည်းများကို ပုဂံရှေးဟောင်းသုတေသနပြတိုက်မှာ ပြသထားပါတယ်။ အေဒီ ၁၀ ရာစု တောင်သူကြီးမင်းတည်ခဲ့တဲ့ ငကျွဲနားရှောင်းစေတီ၊ သီရိပစ္စယာရွာမြောက်ဘက်မှာရှိတဲ့ ထူပါလေးဆူတန်းဘုရားများ၊ စိမ်းညက်ညီမ တောင်ဘက်ဘုရား ယခု ပျူစေတီ၊ ကန်တော့ပလ္လင်ဘုရား၊ အနောက်ဘက်ရှိ ရှင်ပင်ပွင့်စဘုရားအတွင်းစေတီ၊ ဝက်ကြီးအင်းဂူပြောက်ငယ် တောင်ဘက်ရှိ နှစ်ထပ်စေတီနဲ့အတွင်း စေတီ၊ ပေါက်ပင်ရာစေတီ၊ ကျောက်မျက်မော်နှစ်ထပ်စေတီနဲ့ အတွင်းစေတီတို့ဟာ ပုဂံခေတ်အစောပိုင်းကာလ ပျူစေတီပုံစံများ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

**မူကြမ်း**

ထို့အပြင် ပုဂံမြို့ဟောင်းရှိ ဘုရားအမှတ်(၂၈၀) ရွှေလိပ်ဝပ်ဘုရား၊ ဘုရားအမှတ်(၂၆၅)၊ တောင်ဘီရွာအရှေ့ ဘုရားအမှတ်(၂၁၅၆) မင်းအိုချမ်းသာဘုရား၊ ဘုရားအမှတ်(၇၇၂) ပေါင်းကူး ကုန်းဘုရားကြီး၊ ဘုရားအမှတ်(၁၃၃၉) အိမ်ရာကျောင်း ဘုရားငါးဆူမှ အုတ်ကုန်း စသည့်တို့မှာ ပျူခေတ်လက်ရာစင်းပါ အုတ်ခွက်များနှင့် တည်ဆောက်ထားတဲ့ပျူစေတီများဖြစ်ကြောင်း တွေ့ရှိရပါ တယ်။ ယခုကာလတိုင်အောင် မြင်တွေ့နေရသေးတဲ့ သရပါမြို့ဝင် ဝင်ပေါက်တည်ရှိတဲ့ ပုဂံနန်းမြို့ရိုး သည် ပျဉ်ပြားမင်းလက်ထက် အေဒီ ၉ ရာစုမှာ တည်ဆောက်ခဲ့ခြင်း၊ နန်းတော်အုတ်ချပ်များကို သိပ္ပံ နည်းကျ သက်တမ်းတွက်ချက်မှုအရ လွန်ခဲ့သောနှစ် ၁၅၀၀ ဟု သတ်မှတ်ပေးခြင်း၊ ပုဂံမြို့ရိုးကို ပြန်လည်တူးဖော်ရာတွင် တွေ့ရှိတဲ့ မြို့ရိုးတည်ဆောက်ပုံနှင့် မြို့ရိုးလက်တံများရဲ့ ဖွဲ့စည်းတည်ဆောက် မှုသည် ပျူမြို့ဟောင်းများ၏ မြို့ရိုးမြို့တာတည်ဆောက်မှုနှင့် တူညီခြင်း၊ အုတ်များ အသုံးပြုတည် ဆောက်ခြင်းနှင့်အတူ အဆောက်အအုံ၏အနေအထား၊ လိုအပ်ချက်အပေါ်တည်ပြီး အုတ်များ၏ ပုံသဏ္ဍာန် (Shape) ကို မျိုးစုံအောင် ကြွယ်ကြွယ်ဝဝထုတ်လုပ်ခြင်းတို့ကလည်း ပုဂံခေတ်အစောပိုင်း ကာလကပင် ပုဂံမြို့နဲ့ ပျူတို့ရဲ့ အခြေချနေထိုင်မှုနှင့်အတူ ဗိသုကာအနုပညာသည် သန္ဓေတည်ခဲ့ ကြောင်း သိရှိနိုင်ပါတယ်။

ဖော်ပြပါသမိုင်းအထောက်အထားများသည် ပုဂံနှင့်ပျူ ကောင်းစွာဆက်စပ်နေကြောင်းကို ပညာ ရှင်အသီးသီးတို့က လေ့လာဆန်းစစ်တင်ပြပြီးဖြစ်ပါတယ်။ သို့ပါ၍ ပုဂံဒေသတွင် တွေ့ရှိတဲ့ ပျူ၊ မွန်၊ မြန်မာတို့ရဲ့ ပေါင်းစပ်ဖွဲ့စည်းတည်ထားတဲ့ ယဉ်ကျေးမှုဆိုင်ရာ သက်သေသာဓကများသည် ပုဂံ ယဉ်ကျေးမှုမြင့်ကွင်းအတွက် အရေးပါတဲ့အချက်ဟု သတ်မှတ်နိုင်ပါတယ်။ ရှေးဟောင်းသမိုင်း မှတ်တမ်းများတွင် ဖော်ပြချက်များကို ရှေးဟောင်းသုတေသနအထောက်အထားများဖြင့် ပိုမိုပြည့်စုံစွာ ပုံဖော်တည်ဆောက်ခြင်းဖြင့် သက်ဆိုင်ရာယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုကို ဖန်တီးခဲ့သော လူမှုအဖွဲ့ အစည်း၏ ကြီးကျယ်မှု၊ တီထွင်ဖန်တီးမှုစွမ်းအားကို ပိုမိုသိရှိနားလည်နိုင်မည်လို့ တင်ပြအပ်ပါတယ် ခင်ဗျား။ ထို့ကြောင့် ပုဂံခေတ် ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုတို့ဟာ ပျူယဉ်ကျေးမှုနှင့် ပျူလူမျိုးများ က ပါဝင်၍ မျိုးစေ့ချခဲ့သည်ကို ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများက ထောက်ခံ ညွှန်ပြလျှက်ရှိကြောင်း တင်ပြလိုပါတယ်။

နောက်ဆုံးမေးခွန်းနဲ့စပ်လျဉ်းပြီး ပျူမြို့ဟောင်းနှင့် ပျူယဉ်ကျေးမှုသည် ပုဂံခေတ်ဦးကာလ အစောပိုင်းမှာ ပုဂံခေတ်ရဲ့ ဘာသာ၊ သာသနာနှင့် ဗိသုကာအနုပညာများ၊ ယဉ်ကျေးမှုအမွေအနှစ်များ

ကို အနေအထားတစ်ခုအထိအဆင့်မြင့်စေရန် အတူတကွဆောင်ရွက်ခဲ့ကြသော်လည်း နှစ်ကာလ ကြာမြင့်လာသောအခါ အိမ်နီးချင်းနိုင်ငံများကဲ့သို့ပင် ဗုဒ္ဓဘာသာသည်ပင် အခြားဝါဒများနှင့် ရောထွေး ယှက်တင်ပြီး ပုဂံပြည်တွင်လည်း အရည်းကြီးရဟန်းများ၏အယူဝါဒ လွှမ်းမိုးခဲ့ရခြင်းဖြစ်ပါတယ်။ ထို့ကြောင့်ပင် အနော်ရထာမင်းကြီးဟာ အရည်ကြီးတို့၏ဝါဒကို မနှစ်သက်သောကြောင့် ရှင်အရဟံရဲ့ ဗုဒ္ဓအဆုံးအမတရားတော်ကို နာယူပြီး သထုံကိုတိုက်၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုများကို ယူခဲ့ခြင်းဖြစ်ပါ တယ်လို့ တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ ပျူမြို့ဟောင်းသုံးမြို့အား UNESCO က ကမ္ဘာ့အမွေအနှစ်အဖြစ် အသိအမှတ်ပြု ခဲ့ပြီးဖြစ်ပါသဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ပုဂံခေတ် ဗုဒ္ဓဘာသာ စတင်ဖွံ့ဖြိုးမှုကို ပိုမိုအားပြု စေသော အထောက်အကူပြုအချက်အလက်များရရှိရေးအတွက် မြန်မာသမိုင်း အဖွဲ့ပညာရှင်များ၊ ရှေးဟောင်းသုတေသနဆိုင်ရာ အတွေ့အကြုံရှိသူများ၊ သုဝဏ္ဏဘူမိယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံ ရှိသူများ၊ သမိုင်းနှင့်ယဉ်ကျေးမှုဆိုင်ရာ သုတေသီများနှင့် စိတ်ပါဝင်စားသူများ၊ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအား ဖိတ်ကြားပြီးတော့ ဆွေးနွေးပွဲပြုလုပ်ပြီး အကူအညီရယူဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးလှမောင် မိုက်ပေးပါ။

**ဦးလှမောင်(ချောင်းဆုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယဉ်ကျေးမှု ဒုတိယဝန်ကြီးဖြေကြားချက်နှင့်စပ်လျဉ်းပြီးတော့ ဆက်စပ်မေးခွန်းအဖြစ် အနည်းငယ် တင်ပြပါရစေ။ အချက်လေးချက်လောက်တော့ မေးပါရစေ။ ပထမတစ်ချက်က ပုဂံခေတ်ရဲ့ ယဉ်ကျေး မှုများဟာ ပျူယဉ်ကျေးမှုမှဖြစ်တည်တိုးတက်လာသည်ဟု ဖြေပါတယ်။ သုဝဏ္ဏဘူမိ မွန်တို့ဌာနီမှရရှိ သည်ဟုလည်း ဖြေကြားပါတယ်။ (၂) ပုဂံခေတ်ယဉ်ကျေးမှုတို့သည် ပျူယဉ်ကျေးမှုမှ ရာခိုင်နှုန်းမည်မျှ အခြေခံသည်၊ သုဝဏ္ဏဘူမိယဉ်ကျေးမှုကို မည်မျှအခြေခံသည်ဆိုသောမေးခွန်းကို ဖြေကြားနိုင်မည် ဆိုပါက ဖြေကြားပေးစေလိုပါတယ်။ အကယ်၍ ၅၀ ရာခိုင်နှုန်းသည် အခြေခံသည်ဆိုပါက ပုဂံ ယဉ်ကျေးမှုတိုးတက်ခြင်းသည် ပျူရော မွန်တို့၏ ယဉ်ကျေးမှုကိုပါ အခြေခံခဲ့သည်ဟု ဆိုနိုင်ပါမည် လား။ နောက်တစ်ချက်ကတော့ သို့တည်းမဟုတ် သုဝဏ္ဏဘူမိမွန်တို့ဌာနီမှ ရရှိခဲ့သည့် ယဉ်ကျေးမှုသည် ပိုမိုများပြားနေမည်ဆိုပါက ပုဂံယဉ်ကျေးမှုသည် မွန်ကျေးမှုတို့ကိုအခြေခံ၍ ရရှိပါသည်ဟု ဆိုမည်ဆို လို့ရှိရင် ဆိုနိုင်ပါမည်လား ဆိုသည့်အချက်ကို ဖြေကြားနိုင်မည်ဆိုပါက ဖြေကြားစေလိုပါတယ်။

**မူကြမ်း**

**ဦးသန်းဆွေ(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးနိုင်လှမောင် မေးမြန်းချက်များက ပထမမေးခွန်းကတော့ ဖြေကြားရန်မလိုဘူးလို့ ကျွန်တော်ထင်ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ ပျူယဉ်ကျေးမှုအခြေခံစံနှုန်းကို ရာခိုင်နှုန်း တွက်ပြရမယ်ဆိုရင်တော့ ကျွန်တော် ပညာရှင်မဟုတ်တဲ့အတွက် တွက်မပြနိုင်ပါဘူး။ ကျန်တဲ့ပညာရှင်တွေကိုမေးပါမယ်။ သူတို့လည်း တွက်ပြဖို့မလွယ်ပါဘူး။ နံပါတ်(၃)အချက်နဲ့ (၄)အချက်ကို ပေါင်းစပ်ဖြေရမယ်ဆိုရင် သုဝဏ္ဏဘူမိကို မတိုက်ခင်ကတည်းက ကျွန်တော်တို့ ပုဂံဟာ လူရိုင်းတိုင်းပြည်မဟုတ်ပါဘူး။ သူ့ဘာသာ၊ သာသနာနဲ့ သူ့ယဉ်ကျေးမှုနဲ့သူ ရှိပါတယ်။ ဒါပေမယ့် သုဝဏ္ဏဘူမိကို တိုက်တာဟာ အနော်ရထာမင်းကြီးက ဒီပိဋကတ်သုံးပုံကို အမှန်ကိုလိုချင်လို့ တိုက်တာဆိုရင် ဒါ ရောက်လာတဲ့အခါမှာ ကျွန်တော်တို့ ရှိရင်းယဉ်ကျေးမှုနှင့် သုဝဏ္ဏဘူမိမှ မွန်တို့ရဲ့ယဉ်ကျေးမှုပေါင်းစပ်ပြီး ပုဂံဟာ ပိုပြီးတိုးတက်လာတယ်လို့ပဲ ဆိုချင်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

## ဦးစိုင်းဝေါ်ငါးဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ခွင့်ရရှိသည့် လုပ်ငန်းများအသီးသီးသည် ခွင့်ပြုဘဏ္ဍာငွေနှင့်အညီ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး လုပ်ငန်းအရည်အသွေးပြည့်မီတိုးတက်လာစေရေးအတွက် လက်ရှိ အခြေအနေထက်ပိုမိုကောင်းမွန်သည့် လုပ်ငန်းမူဘောင်များချမှတ်ကျင့်သုံး ဖော်ဆောင်သွားရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်ငါးဆိုင်ဟိန်း ကအဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဦးစိုင်းဝေါ်ငါးဆိုင်ဟိန်းအား ဖိတ်ခေါ်ပါ တယ်။

**ဦးစိုင်းဝေါ်ငါးဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့နိုင်ငံအနှံ့အပြားရှိ မဲဆန္ဒနယ်မြေအသီး

သီးတို့တွင် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ခွင့်ရရှိသည့်လုပ်ငန်းများအသီးသီး ခေတ်ကာလနှင့် အညီ စနစ်ဟောင်း၊ အကျင့်ဟောင်းများနှင့် သွေဖည်၍ ပြုပြင်ထိန်းကျောင်းတည့်မတ်ပေးနိုင်ရန် ရည်ရွယ်ချက်ကောင်းများစွာဖြင့် ယခုအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ခွင့်ရရှိကြသော တည်ဆောက်ရေးလုပ်ငန်းများ၊ လမ်း၊ တံတားနှင့် ရေရရှိရေးလုပ်ငန်းများ၊ အကောင်အထည်ဖော်ဆောင်ရွက်ကြရာ၌ တိုင်းဒေသကြီး များထက် ကျွန်တော်တို့ ဝေးလံခက်ခဲသည့်ပြည်နယ်များမှာ လိုအပ်ချက်များစွာရှိနေသေးတာကို အားလုံးအသိပဲဖြစ်ပါတယ်။ တချို့ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အထူးသဖြင့် ပညာရေးဌာန ကျောင်းဆောင်သစ်ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ကုမ္ပဏီအမည်ခံပြီးတော့ ဖြစ်သလို တည်ဆောက် သွားတဲ့ကျောင်းတွေ ယနေ့ ရှိနေပါသေးတယ်။ စနစ်တကျအချိန်မီ ကြီးကြပ်ကွပ်ကဲမှုများရှိခဲ့ရင် ဒီလိုအဖြစ်မျိုးရောက်ခဲ့မှာ မဟုတ်ပါဘူး။ ယနေ့အစိုးရသစ်လက်ထက်မှာ ဆောက်လုပ်ရေးလုပ်ငန်း ပေါင်းများစွာ နှစ်စဉ်နှစ်တိုင်းကျွန်တော်တို့ ဆောင်ရွက်ခွင့်ရရှိကြသလို အရည်အသွေးပြည့်မီတဲ့ လုပ်ငန်းများထွက်ပေါ်လာဖို့ ပိုမိုကြိုးစားအားထုတ်သွားကြရမှာပဲ ဖြစ်ပါတယ်။ အားလုံးမှာတာဝန်ရှိ ပါတယ်။ ရွှေ့ကပြင်၊ နောက်ကပျက်ဆိုတဲ့လမ်းမျိုးတွေ စေတနာမပါဘဲဖြစ်သလိုသွယ်တန်းပေးတဲ့ ရေရရှိရေးလုပ်ငန်းတွေ၊ ယနေ့ ဒီမိုကရေစီခေတ်မှာ မဖြစ်သင့်/မရှိသင့်တော့ပါဘူးခင်ဗျား။ တာဝန်ယူ မှု၊ တာဝန်ခံမှုကိုယ်စီဖြင့် ခွင့်ပြုဘဏ္ဍာငွေနှင့်အညီ လုပ်ငန်းအရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေး အတွက် ဝိုင်းဝန်းဖော်ဆောင်သွားကြရမှာပဲ ဖြစ်ပါတယ်။ ခေတ်ဟောင်း၊ စနစ်ဟောင်းကမြင်ကွင်းတွေ ကို ကျွန်တော်တို့အားလုံး ဝိုင်းဝန်းတွန်းလှန် ဖယ်ရှားသွားကြရမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာ နှစ်စဉ်နိုင်ငံတော် ဘဏ္ဍာငွေဖြင့်ဆောင်ရွက်ခွင့် ရရှိကြသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား၊ ကျေးလက်ရေရရှိ ရေး၊ ကျေးလက်မီးလင်းရေး၊ ဌာနဆိုင်ရာအိုးအိမ်အဆောက်အဦ၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာမှာ ကုမ္ပဏီများကို ပွင့်လင်းမြင်သာစွာ တင်ဒါဖြင့်ခေါ်ယူဆောင်ရွက်စေပြီး မြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များဖြင့် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းကာလုပ်ငန်းစစ်ဆေးခြင်း၊ စာရင်းစစ်ဆေးခြင်း၊ လုပ်ငန်းကြပ်မတ်အကြံပြုခြင်းတို့ကို ပိုမိုအားထည့်ဆောင်ရွက်သင့်ပါတယ်။ စာရွက်ပေါ်တွင် ဖွဲ့စည်း

ပြီး ကွင်းဆင်းစစ်ဆေးမှုမရှိသော လွတ်လပ်ပွင့်လင်းစွာပါဝင်ဆွေးနွေးခွင့်မရှိသော အဖွဲ့အစည်းမျိုး မရှိသင့်တော့ပါ။ ကူညီပံ့ပိုးပေးသည့် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများကိုလည်း ပွင့်လင်းလွတ်လပ်စွာပါဝင်ဆွေးနွေးဆောင်ရွက်ခွင့်ပေးရပါမယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကုမ္ပဏီများကိုလည်း ယခင်ကကဲ့သို့ အရစ်ကျစနစ်ငွေထုတ်ခွင့်ပေးခြင်းဖြင့် လုပ်ငန်းတိုးတက်မှုကို အဟန့်အတားဖြစ်နိုင်/မဖြစ်နိုင် ပြန်လည်သုံးသပ်ဆောင်ရွက်သင့်ပါတယ်။ အချို့ဝေးလံခက်ခဲသောဒေသများမှာ ပစ္စည်းသယ်ယူစရိတ်၊ ဒေသစရိတ်ပိုမိုကုန်ကျခြင်းကြောင့် လုပ်ငန်းများအချိန်မီမဆောင်ရွက်နိုင်ခြင်း စသည့်ဒေသဆိုင်ရာအခက်အခဲများရှိနိုင်ပါတယ်။ ယခုအခါ သံကူကွန်ကရစ်အဆောက်အဦများ ခွင့်ပြုပေးသဖြင့် ပစ္စည်းရှားပါးသောဒေသများအတွက် အချိန်ပိုမိုပေးရမှာ ဖြစ်ပါတယ်။ ယခုအစိုးရလက်ထက်တွင် ပညာရေး၊ ကျန်းမာရေး၊ ဘဏ္ဍာငွေအသုံးစရိတ်များပိုမိုခွင့်ပြုပေးသကဲ့သို့ အဆောက်အဦပေါင်းများစွာကိုလည်း တိုးချဲ့ချထားပေးကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ နောက်ထပ်လိုအပ်မည့် အဆောက်အဦပေါင်းများစွာကိုလည်း တိုးချဲ့ဆောင်ရွက်ရန်ရှိနေဦးမှာ ဖြစ်ပါတယ်။ ယခင်ရှေးမူများနှင့် သွေဖည်ပြီး ခေတ်သစ်စနစ်သစ်နှင့် လိုက်လျောညီထွေမှုရှိမည့် လုပ်ငန်းမူဘောင်မျိုးချမှတ်ကျင့်သုံးမည်ဆိုပါက အားနည်းချက်ချို့ယွင်းချက်များအပေါ် ကုစားနိုင်မည်ဟု ထင်မြင်ယူဆမိပါသည်။ နှစ်စဉ် မဲဆန္ဒနယ်အလိုက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများကို ယခုလက်ရှိအခြေအနေထက် ပိုမိုအားထည့်၍ ကြီးကြပ်လမ်းညွှန်ပေးခြင်းဖြင့် ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသောအစိုးရကို ပိုမိုပုံဖော်ပေးနိုင်မည်ဖြစ်ပြီး အရည်အသွေး၊ စံချိန်စံညွှန်းနှင့်ညီသည့်လုပ်ငန်းများလည်း မဲဆန္ဒနယ်မြေအသီးသီး ထွက်ပေါ်လာနိုင်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ခွင့်ရရှိသည့်လုပ်ငန်းများအသီးသီးသည် ခွင့်ပြုဘဏ္ဍာငွေနှင့်အညီ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး လုပ်ငန်းအရည်အသွေးပြည့်မီတိုးတက်လာစေရေးအတွက် လက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်သည့်လုပ်ငန်းမူဘောင်များ ချမှတ်ကျင့်သုံးဖော်ဆောင်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် ရိုသေလေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းငေါင်းဆိုင်ဟိန်း တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းကျောက်(မိုင်းဖြတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်ဖြစ်ပါတယ်။ မောက်မယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းရဲ့အဆိုကို ထောက်ခံတင်ပြသွား မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ကျွန်တော်တို့ ဒီမိုကရေစီခေတ်၊ အစိုးရသစ်လက်ထက်မှာ ပြုပြင် ပြောင်းလဲမှုပေါင်းများစွာ ဆောင်ရွက်နိုင်ခဲ့တာအားလုံးအသိပဲဖြစ်ပါတယ်။ ယခင်ခေတ်နဲ့ ဘာမျှမဆိုင် တဲ့ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှု၊ စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုများစွာတို့ကို ယနေ့တိုင်ဖော်ဆောင်နေတာ ဖြစ်ပါတယ်။ အထူးသဖြင့် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဆောက်လုပ်ရေးဘဏ္ဍာငွေများကို ယခင်ခေတ်နှင့်မည်သို့မျှမသက်ဆိုင်သော အရေအတွက်နှုန်းထားများဖြင့် နှစ်စဉ်ချမှတ်ပေးနေတာကို တွေ့ရှိရပါတယ်။ ဒီလိုဆောင်ရွက်နေတဲ့နေရာမှာ အားသာချက်များရှိသကဲ့သို့ အားနည်းချက်များလည်း ရှိနေဆဲ၊ တွေ့မြင်နေရဆဲဖြစ်ပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနှေးကွေးနေတဲ့ ကျွန်တော်တို့တောင်ပေါ် ဒေသများမှာ ပွင့်လင်းမြင်သာမှုထက် အခြေအနေအရ ဖြစ်သလိုဆောင်ရွက်နေတာကို တွေ့ရှိနေရ ပါတယ်။ အကျိုးဆက်ကတော့ ပေးကားပေးသော်လည်းမရဆိုသလို ချမှတ်ပေးတဲ့ဘတ်ဂျက်နှင့်မညီ မျှတဲ့ရလဒ်ကိုပဲ ဝိုင်းဝန်းခံစားနေရတာဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသမှာ ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်အထိ ဒီလိုပဲ ရင်ဆိုင် တွေ့ကြုံနေရဆဲဖြစ်ပါတယ်။ ပြည်သူလူထုကတော့ ပြောင်းလဲတိုးတက်လာတဲ့ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုး တက်တာကိုပဲ မြင်တွေ့လိုကြပါတယ်။ သို့သော်လည်း အဆင့်အတန်းမမီတဲ့အဆောက်အဦများ ယနေ့ တိုင်တွေ့မြင်နေရပါသဖြင့် ဦးစိုင်းငေါင်းဆိုင်ဟိန်း၏အဆိုဖြစ်သော ပြည်နယ်နှင့်တိုင်းဒေသကြီးများ တွင် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ခွင့်ရရှိသည့်လုပ်ငန်း များအသီးသီးသည် ခွင့်ပြုဘဏ္ဍာငွေနှင့်အညီ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး လုပ်ငန်း အရည်အသွေးပြည့်မီတိုးတက်လာစေရေးအတွက် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့်

လုပ်ငန်းမူဘောင်များ ချမှတ်ကျင့်သုံးဖော်ဆောင်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းဝေါ်င်းဆိုင်ဟိန်းရဲ့ အဆိုတင်သွင်းထားတဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်ဘဏ္ဍာငွေနဲ့ ဆောင်ရွက်ခွင့်ရရှိတဲ့လုပ်ငန်းများအသီးသီးမှာ ခွင့်ပြုရန်ပုံငွေနှင့်အညီ သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး လုပ်ငန်းအရည်အသွေး ပြည့်မီတိုးတက်လာစေရေးအတွက် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်တဲ့ လုပ်ငန်းမူဘောင်များ ချမှတ်ကျင့်သုံးဖော်ဆောင်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်း/တံတား၊ ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ ဝန်ကြီးဌာနဆိုင်ရာ အဆောက်အဦနဲ့ အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှစတင်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့လမ်းညွှန်ချက်နှင့်အညီ ပွင့်လင်းမြင်သာသော တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးလုပ်ငန်းကော်မတီ၊ အရည်အသွေးစိစစ်ရေးလုပ်ငန်းကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်း၍ တိကျသေချာတဲ့တင်ဒါစနစ်နဲ့ဆောင်ရွက်စေတာဖြစ်ပါတယ်။ အိတ်ဖွင့်တင်ဒါစနစ်နဲ့လုပ်ငန်းများကို ဆောင်ရွက်ရာမှာလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့မှ ညွှန်ကြားထားတဲ့ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးဌာနအဆောက်အဦများရဲ့ အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်းကောင်း၊ လုပ်ငန်းမဆောင်ရွက်မီ၊ လုပ်ငန်းဆောင်ရွက်စဉ်နဲ့ လုပ်ငန်းဆောင်ရွက်ပြီးကာလတို့မှာ စံချိန်စံညွှန်းနဲ့အညီ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့

(Quality Control Team) များနဲ့ စစ်ဆေးကြပ်မတ်ခြင်းဖြင့်လည်းကောင်း၊ လုပ်ငန်းသုံးပစ္စည်းများနဲ့ ဆောင်ရွက်လျက်ရှိတဲ့ တည်ဆောက်ရေးလုပ်ငန်းများရဲ့ အရည်အသွေးအာမခံချက်ရရှိရေး (Quality Assurance) အတွက်လည်းကောင်း၊ အနီးကပ်ကြီးကြပ်စစ်ဆေးခြင်းဖြင့် ဆောင်ရွက်မှသာ စံချိန်စံညွှန်းနှင့်ညီပြီး လုပ်ငန်းအရည်အသွေးများ ပြည့်မီကောင်းမွန်လာမှာဖြစ်တာကြောင့် ကိုယ်စားလှယ်တော်ကြီးတင်သွင်းတဲ့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မှတ်တမ်းတင်ထားရှိပေးပါရန် ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးစိုင်းဝေါ်ဆိုင်ဟိန်းရဲ့သဘောထား ပြန်လည်ဆွေးနွေးပြောကြားပါ။

**ဦးစိုင်းဝေါ်ဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် နိုင်ငံတော်ပိုင်အခြေခံအဆောက်အဦပေါင်းများစွာကို ယခင်ခေတ်များကလည်း တည်ဆောက်ခဲ့ကြပါတယ်။ ယခုခေတ်မှာလည်းတည်ဆောက်နေပါတယ်။ နောက်နောင်လည်း ဆက်လက်တည်ဆောက်ဖို့အများကြီးရှိဦးမှာဖြစ်ပါတယ်။ ကွဲပြားခြားနားမှုကတော့ ယနေ့ဒီမိုကရေစီခေတ်ရဲ့ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနဲ့တာဝန်ခံမှုတို့ပဲ ဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ အစိုးရနဲ့လွှတ်တော်သတ်တမ်းဟာဆိုရင်လည်း ၄ နှစ်တိုင် ၅ နှစ်ထဲရောက်ရှိနေပြီ ဖြစ်ပါတယ်။ မကြာခင်နောက်ထပ် သက်တမ်းအသစ်တစ်ခုကိုကူးပြောင်းရောက်ရှိတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့လက်ထက်မှာလိုအပ်နေသေးတဲ့ ပြုပြင်ပြောင်းလဲမှုတစ်ခုခု ဒါမှမဟုတ် ထိရောက်သောဖြည့်စွက်ချက်တစ်ခုခု ဆောက်ရွက်ပေးရုံမျှနဲ့ အားလုံးယုံကြည်လက်ခံနိုင်တဲ့အဆင့်အတန်းမျိုး ရောက်ရှိသွားမယ်လို့လည်း ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအပေါ်မှာ ယခုလက်ရှိ အခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်စေလိုသော စေတနာ၊ ရည်ရွယ်ချက်များဖြင့် ယခုအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်မှာလည်း တစ်ဖက်တစ်လမ်းကအထောက်အကူပြုပေးနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်ရဲ့အဆိုကို ပြည်သူ့လွှတ်တော်က ဆုံးဖြတ်ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းဝေါ်ဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ခွင့်ရရှိသည့် လုပ်ငန်းများအသီးသီးသည် ခွင့်ပြုဘဏ္ဍာငွေနှင့်အညီ

သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး လုပ်ငန်းအရည်အသွေးပြည့်မီတိုးတက်လာစေရေးအတွက် လက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်သည့်လုပ်ငန်းမူဘောင်များ ချမှတ်ကျင့်သုံးဖော်ဆောင်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြုဆန္ဒမဲပေးတဲ့ နည်းကို အသုံးပြုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ စက်ခန်းကလိုအပ်တာဆောင်ရွက်ပေးပါ။ အစည်းအဝေးတက်ရောက်လာတဲ့ ဒုတိယဝန်ကြီးများ ရှေ့မှောက်မှာရှိတဲ့ကဒ်များ ဖြုတ်ထားပေးဖို့ဖြစ်ပါတယ်။ စက်ခလုတ်အသုံးပြု ဆန္ဒမဲပေးနိုင်ရေး အတွက် စက်ခန်းက ဆောင်ရွက်ပေးပါ။ ဆန္ဒမဲပေးဖို့အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ ၃၃၂ မဲ၊ ကန့်ကွက်မဲမရှိ၊ ကြားနေမဲ ၂ မဲ။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးစိုင်းငေါ်းဆိုင်ဟိန်းတင်သွင်းတဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ခွင့်ရရှိသည့် လုပ်ငန်းများအသီးသီးသည် ခွင့်ပြုဘဏ္ဍာငွေနှင့်အညီ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး လုပ်ငန်းအရည်အသွေးပြည့်မီ တိုးတက်လာစေရေးအတွက် လက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်သည့် လုပ်ငန်းမူဘောင်များ ချမှတ်ကျင့်သုံးဖော်ဆောင်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို အတည်ဖြစ် ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တ ရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**မူကြမ်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဓနအင်အားဖွံ့ဖြိုးရေးတွင်အရေးပါလှသော နိုင်ငံခြားအဖွဲ့အစည်း၊ ကုမ္ပဏီများနှင့်ပူးတွဲ၍ စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ပြန်ကြားရေး ဝန်ကြီးဌာန စသည်တို့တွင် ထုတ်ယူသုံးစွဲမှု၊ ရောင်းချမှုနှင့် လုပ်ငန်းဆောင်ရွက်မှု လုပ်ဆောင်ရန် ထုတ်လုပ်မှုခွဲဝေရေး စာချုပ်စာတမ်းများ (Product Sharing Contract) ချုပ်ဆိုခြင်းနှင့်ပတ်သက်၍ အငြင်းပွားဖွယ်ရာများ ပေါ်ပေါက်သည့် ကိစ္စရပ်များအတွက် နိုင်ငံတော်အဆင့် ကြီးကြပ်သည့်ကော်မတီတစ်ရပ်ဖွဲ့စည်းရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဒေါ်တင်နွယ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာသောဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံရန် ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်မကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ ကျွန်မတင်တဲ့ အဆိုက ဒီ့အရင်တုန်းက ကျွန်မက ဒသမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့ ဇွန်လတုန်းက Product Sharing Contract နဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းခဲ့ခြင်း ဖြစ်ပါတယ်။ အဲ့ဒီမေးခွန်း မေးမြန်းခဲ့ခြင်းအပေါ်မှာ ဥက္ကဋ္ဌကြီးကနေပြီးတော့ ပြည့်စုံတဲ့အဆိုတစ်ခုတင်သွင်းပါဆိုလို့ ယခုကဲ့သို့ အဆိုတင်သွင်း ရခြင်း ဖြစ်ပါတယ်။ ကာလအားဖြင့်ကြည့်မယ်ဆိုလို့ရှိရင် ၁၈-၆-၂၀၁၄ ကနေ ယခု ၂၀၁၅ တောင်

ရောက်သွားပါပြီ။ အဲ့လောက်အကြာကြီးစောင့်ရတဲ့ဘဝ ဖြစ်ရပါတယ်။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်မှာ။ အဲ့တော့ အဆိုကိုတင်ပြပါ့မယ်။ ကျွန်မတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ ဓနအင်အားဖွံ့ဖြိုးရေးမှာ အရေးပါလှတဲ့နိုင်ငံခြားအဖွဲ့အစည်းကုမ္ပဏီများနှင့် စွမ်းအင်ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန အစရှိသည်တို့နှင့် ထုတ်ယူသုံးစွဲမှု၊ ရောင်းချမှုနဲ့ လုပ်ငန်းဆောင်ရွက်လုပ်ဆောင်ရန်ထုတ်လုပ်မှု ခွဲဝေရေးစာချုပ်စာတမ်းများ (Product Sharing Contract )ချုပ်ဆိုခြင်းနှင့်ပတ်သက်ပြီးတော့ အငြင်းပွားဖွယ်ရာများ အမြဲတမ်းပေါ်ပေါက်လျက်ရှိပါတယ်။ အဲ့တော့ အဲ့လို အငြင်းပွားဖွယ်ရာ ပေါ်ပေါက်တဲ့ကိစ္စရပ်တွေအတွက် နိုင်ငံတော်အဆင့်ကြီးကြပ်တဲ့ကော်မတီတစ်ရပ်ဖွဲ့စည်းဖို့ နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်ရှင့်။ အဆိုနှင့်ပတ်သက်လို့ ရှင်းလင်းပြောပြရမယ်ဆိုလို့ရှိရင် ဒီ Product Sharing Contract အကြောင်းကစပြီးတော့ သူ့ Definition ပြောရမှာဖြစ်ပါတယ်။ အဲ့တော့ Product Sharing Contract ဆိုတဲ့ PSC ဆိုတာက အစိုးရတစ်ခုနဲ့ သယံဇာတထုတ်လုပ်ရေးကုမ္ပဏီ Resource Extraction Company တစ်ခုအကြား နိုင်ငံကထုတ်ယူတဲ့ သယံဇာတတွေအပေါ်မှာ နှစ်ဦးနှစ်ဖက်ဘယ်လောက်ရယူမယ် သဘောတူစာချုပ်ချုပ်ကြခြင်းဖြစ်ပါတယ်။ ဘယ်သူက ဘယ်လောက်အချိုးရယူမယ်ဆိုတဲ့စာချုပ် ဖြစ်ပါတယ်။ အဲ့တော့ အကောင်းဆုံးဥပမာကကျတော့ ရေနံနှင့် သတ္တုတို့နှင့်ပတ်သက်ပြီးတော့ ချုပ်ဆိုတဲ့စာချုပ်များ ဖြစ်ပါတယ်။ ရေနံနှင့်ပတ်သက်ပြီး ဒီ PSC စာချုပ်မှာဆိုလို့ရှိရင် ရေနံကုမ္ပဏီကို Exploration နဲ့ Production လုပ်ငန်းတွေလုပ်ကိုင်ဖို့ ခွင့်ပြုရပါတယ်။ ရေနံကုမ္ပဏီအနေနဲ့ အစ ကနဦး Financial နဲ့ Mineral Risk တွေကို တာဝန်ယူပြီးတော့ Exploration လုပ်ရပါတယ်။ ပြီးတဲ့အခါ လိုအပ်တဲ့အတိုင်း ရေနံတွင်းတွေဖွံ့ဖြိုးဖို့အတွက် ထုတ်လုပ်မှုတွေ ဆောင်ရွက်ရပါတယ်။ အောင်မြင်တဲ့အခါကျမှ ထုတ်ယူရရှိတဲ့ရေနံကနေရတဲ့ငွေကြေးကိုမှ မတည်ရင်းနှီးငွေနဲ့ Operation Expenditure တွေ Recover ဖြစ်ဖို့အတွက် ကုမ္ပဏီက သုံးစွဲခွင့်ပြုရခြင်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အဲ့ဒါကို Cost Oil လို့လည်းခေါ်ပါတယ်။ Remaining money Profit Oil ကိုကျတော့ အစိုးရနှင့် ကုမ္ပဏီ ကြားမှာ ခွဲပြီးတော့ ယူရပါတယ်။ ပုံမှန်အားဖြင့်အစိုးရက ၈၀ ရာခိုင်နှုန်း၊ ကုမ္ပဏီက ၂၀ ရာခိုင်နှုန်း အချိုးကျ ယူလေ့ရှိပါတယ်။ ကုမ္ပဏီရဲ့ထုတ်လုပ်မှု ဝေစု Share of Production အပေါ်မှာ နိုင်ငံတကာ ရေနံဈေးနှုန်းတွေ အပြောင်းအလဲနဲ့ Production Rate တွေဟာသက်ရောက်မှုရှိနိုင်ပါတယ်။ တချို့နိုင်ငံများမှာလည်း ဒီ Production Share Agreement လို့လည်း Contract အစား သုံးနှုန်းတာရှိကြပါတယ်။ အဲ့တော့ Production Sharing Contract တွေကို အစိုးရ ဒါမှမဟုတ် မြန်မာနိုင်ငံက

နေပြီးတော့ Investor ကို သယံဇာတထုတ်ယူဖို့အတွက် Exclusive Right ကို လွှဲပေးတာ၊ ခွင့်ပြုခြင်းသာဖြစ်ပါတယ်။ အဲ့ဒီနေရာပေါ်မှာ ပိုင်ဆိုင်ခွင့် Ownership Deed ပေးတာမဟုတ်ပါဘူး။ ငှားရမ်းခွင့်အတွက် အခွင့်အရေးများ လွှဲပေးခြင်းမဟုတ်ပါဘူး။ ထုတ်ယူရရှိသမျှ Product တွေက အစိုးရ၏၊ နိုင်ငံတော်၏ Property သာဖြစ်ရမှာပါ။ အစိုးရ၊ နိုင်ငံတော်ရဲ့ Investor ကို Contractor အဖြစ် လုပ်ငန်းလုပ်ဖို့အတွက် ငှားတဲ့သဘောမျိုးပဲဖြစ်ပါတယ်။ အဲ့ဒီတော့ PSC မှာဆိုရင် Contractor ကဆိုရင် At the Expense the Risk of the Investor ဖြစ်ပါတယ်။ PSC ဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်အနေနဲ့ Investor ကိုငွေကြေးနဲ့မပေးဘဲနဲ့ Produce Product ရဲ့ Portion နဲ့ပေးချေရခြင်း ဖြစ်ပါတယ်။ အဲ့ဒီတော့ Product Sharing ကိုပြန်ပြီးတော့ Cost Recovering Product နဲ့ Profit Product ဆိုပြီးတော့ နှစ်မျိုးခွဲလေ့ရှိပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံတော်မှာ ထူးဆန်းတာကကျတော့ Cost Recovering ကို ကျွန်မတို့က Incentive အနေနဲ့ ကျွန်မတို့တိုင်းပြည်က ကျခံခြင်း ဖြစ်ပါတယ်။ အဲ့တော့ Investor ရဲ့ကုန်ကျစရိတ်သုံးစွဲမှုနဲ့ အဲ့ဒီ Expenditure ပေါ်တည်ပြီးတော့ Compensation Remaining Produce Product ကို Investor နဲ့အစိုးရ နိုင်ငံတော်အကြားမှာ အချိုးကျခွဲဝေရခြင်း ဖြစ်ပါတယ်။ လုပ်ငန်းစဉ်အဆင့်နဲ့ ပြန်ပြောရမယ်ဆိုရင် ထုတ်လုပ်မှုခွဲဝေရေးစာချုပ်မှာ ရရှိလာတဲ့ဝင်ငွေတွေကို အခြေပြုပြီးတော့ နိုင်ငံတော်အတွက်ပေးချေရမယ့် Royalty တွေ၊ ခိုင်ကြေးတွေနဲ့ကုန်ကျစရိတ်တွေကို နုတ်ပယ်ပြီးတော့ ကျန်တဲ့အကျိုးအမြတ်ကို နိုင်ငံတော်နဲ့ကုမ္ပဏီက ခွဲဝေရခြင်း ဖြစ်ပါတယ်။ အဲ့ဒီတော့ ဈေးနှုန်းတွက်ချက်မှုအပိုင်း တစ်နည်းအားဖြင့် ဝင်ငွေများတွက်ချက်တဲ့အပိုင်းဆိုပြီး ကြည့်တဲ့အခါမှာ ရတဲ့ဝင်ငွေကို တွက်ချက်တဲ့အခါမှာ နိုင်ငံတကာစံနှုန်းနှင့်အညီ တွက်ချက်လို့ ဆောင်ရွက်ရပါတယ်။ ဒါပေမယ့် စာချုပ်ပါစည်းကမ်းချက်တွေရဲ့ အားနည်းချို့ယွင်းမှုတွေ၊ ရည်ညွှန်းစံနှုန်းတွေရဲ့ မှားယွင်းဖော်ပြမှုတွေကြောင့်မို့လို့ ထုတ်လုပ်တဲ့သူနဲ့ဆောင်ရွက်မှုပေးသူ၊ ဒါမှမဟုတ်လို့ရှိရင် ဝယ်ယူသူနဲ့ ဆောင်ရွက်မှုရယူသူ အဲ့ဒီအကြားမှာဆိုရင် ဒီအငြင်းပွားဖွယ်ရာ အမြဲတမ်းပေါ်ပေါက်ပါတယ်။ ဒီအငြင်းပွားဖွယ်ရာကို ပေါ်ပေါက်မှုမရှိဘူးလို့ အရင်တစ်ခါဝန်ကြီးက လာဖြေသွားဖူးပါတယ်။ တကယ့်တကယ်ကျတော့ အမြဲပေါ်ပေါက်ပါတယ်။ အငြင်းပွားဖွယ်ရာများပေါ်ပေါက်ပြီးတော့ ဝင်ငွေတွေဆုံးရှုံးနစ်နာမှုတွေရှိပါတယ်။ အဲ့တော့ ဘယ်ကိစ္စတွေမှာ အငြင်းပွားသလဲဆိုလို့ရှိရင် ထုတ်လုပ်တဲ့အရည်အသွေး ဒါမှမဟုတ်လို့ရှိရင် ထုတ်လုပ်တဲ့ဆောင်ရွက်မှုက စာချုပ်မှာပါတဲ့စည်းကမ်းနဲ့ ကိုက်ညီမှုရှိတဲ့အခါ အငြင်းပွားပါတယ်။ နောက်တစ်ခုက စံချိန်စံနှုန်းများမှားယွင်းခြင်း၊ Index တွေ တစ်နည်းအားဖြင့်

ရေနံတွေမှာဆို ဈေးနှုန်းစံသတ်မှတ်တာ အများအယွင်း တွေ့ရှိပါတယ်။ အဲ့လိုဝင်ငွေတွေလျော့နည်းတဲ့ အကျိုးဆက်အဖြစ်ကို နိုင်ငံတော်အား ပေးချေရမယ့်ခိုင်ကြေးကို လျှော့ပြီးတော့ ပေးလိုက်ပါတယ်။ အဲ့ဒီအခါမှ ရလာတဲ့အမြတ်အစွန်းပေါ်မှာ ထိခိုက်တဲ့အတွက်ကြောင့် နိုင်ငံတော်က ရသင့်ရထိုက်တဲ့ အကျိုးအမြတ်ကို နိုင်ငံတော်က ဆုံးရှုံးနစ်နာရပါတယ်။ အဲ့ဒီတော့ အလားတူစွာပဲ ကုန်ကျစရိတ် ပိုင်းမှာလည်း ထုတ်လုပ်မှုခွဲဝေရေးနဲ့မသက်ဆိုင်တဲ့ ကုန်ကျစရိတ်တွေကို ပိုထည့်တာတွေ၊ နောက် တစ်ခါ ကုန်ကျတဲ့စရိတ်ကို ကုန်ကျတာထက် စရိတ်တွေကိုပိုပြတယ်။ အမြတ်နည်းအောင်စရိတ်ပြ ခြင်းဆိုတာ သာမန်လူတွေအားလုံး နားလည်လို့ရပါတယ်။ အဲ့တော့ ကုန်ကျစရိတ်တွေကို ပိုပြတဲ့ အတွက် ထုတ်လုပ်မှုခွဲဝေတဲ့အကျိုးအမြတ်တွေကို ထိခိုက်နိုင်ပါတယ်။ နိုင်ငံတော်အတွက် အများကြီး နစ်နာမှုရှိပါတယ်။ အဲ့ဒါကြောင့် နိုင်ငံတော်ရဲ့ Resource တွေဟာ ကျွန်မပြောဖူးပါတယ်။ တန်ဖိုးဖြတ် လို့မရ၊ တန်ဖိုးသတ်မှတ်လို့လည်းမရ၊ အစားထိုးလို့လည်းမရတဲ့ ပစ္စည်းများအတွက်ကို ပစ္စည်းတွေ လည်းကုန်တယ်။ ကျွန်မတို့အကျိုးအမြတ်လည်း ထိခိုက်နစ်နာတာ ရှိပါတယ်။ အဲ့တော့ ဒီလောက် အရေးကြီးတဲ့ကိစ္စကို နိုင်ငံတော်အဆင့်အကြီးအကဲဖြစ်တဲ့ Governing Law တွေနဲ့ အဲ့ဒီ ပြဿနာ ဖြစ်လာ၊ အငြင်းအပွားဖြစ်လာရင် Governing Law ကလည်း မရပါဘူး။ အဲ့ဒီတော့ အဲ့ဒီအတွက်ကို ဝန်ကြီးဌာနတစ်ခု၊ တစ်ခုစီရဲ့ ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းရဲ့ ဆုံးဖြတ်ချက်နဲ့ ပြီးပြည့်စုံနိုင်တာ မဟုတ်ပါ။ ဒါ့ကြောင့်မို့လို့ အငြင်းပွားဖွယ်ရာကိစ္စများနဲ့ ထုတ်လုပ်မှုခွဲဝေရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို နိုင်ငံတော်အဆင့်ကြီးကြပ်တဲ့ကော်မတီတစ်ခုဖွဲ့ပေးပါလို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် အစိုးရအဖွဲ့ရဲ့ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်ရန် တိုက်တွန်းခြင်း ဖြစ်ပါတယ်။ Regulatory Committee တစ်ခုဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ Independent Body တစ်ခုဖွဲ့စည်းရန် တိုက်တွန်းခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ဒေါ်တင်နွယ်ဦး တင်သွင်း သွားတဲ့ (PSC) Product Sharing Contract အဆိုဟာ တိုင်းပြည်ရဲ့စီးပွားရေးအတွက် တိုးတက်မှု အတွက် ရသင့်ရထိုက်တဲ့အခကြေးငွေများရရှိရန် ဒီအရေးကိစ္စတွေနဲ့ပတ်သက်ပြီးတော့ အဓိက နစ်နာချက်တွေအပေါ် အဆိုပြုမှုဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။ ဒီအဆိုကို ဒေါ်တင်နွယ်ဦးက ၁၈-၆-

၂၀၁၄ မှာ မေးခွန်းအဖြစ် ဒီအဆိုနဲ့ပတ်သက်တာမျိုး မေးခဲ့တဲ့အပိုင်းမှာ အဲ့တုန်းက ကျွန်တော်တို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင် လာဖြေသွားတော့ အဲ့ဒီမှာ ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီးကနေပြီးတော့ ဒီဟာကတော့ သိပ်ကောင်းတဲ့မေးခွန်းဖြစ်ပါတယ်။ ဖြေတဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ လာဖြေပေးတာကလည်း သိပ်ကောင်းပါတယ်။ ဒါပေမယ့် လို့ အဲ့ဒီတုန်းက ကျွန်တော် မှတ်သားလိုက်ရတာက ဥက္ကဋ္ဌကြီးကိုယ်တိုင်က ဒါကို အဆိုအဖြစ် မေးနိုင်ရင်ကောင်းပါတယ်ဆိုပြီးတော့လည်း အဲ့ကတည်းက မိန့်ကြားခဲ့တာရှိပါတယ်။ အဲ့တော့ အခု ကျွန်တော်တို့ဟာ ဒီအဆိုဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နဲ့ ကုန်သွယ်ဖက်နိုင်ငံများ ဆက်ဆံရာမှာ မိမိတို့နိုင်ငံနှင့် လူမျိုးအပေါ် အရေးတယူတုံ့ပြန်ဆောင်ရွက်ရန် လိုအပ်တဲ့ကိစ္စရပ်များအား အချိန်နှင့်တစ်ပြေးညီမှန်ကန်စွာ တုံ့ပြန်ဆောင်ရွက်ပေးစေရန်အတွက် တင်သွင်းတဲ့၊ အထူးကောင်းမွန်တဲ့အဆိုတစ်ခုဖြစ်၍ ကျွန်တော် စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းမှ ဤအဆိုအား အလေးအနက်ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းက ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမောင်မောင်သိမ်း(အဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးရဲ့အဆိုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌရဲ့ ကိုယ်စား ကော်မရှင်အဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာမောင်မောင်သိမ်းမှ ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုကတော့ နိုင်ငံခြားနှင့် တွဲဖက်ပြီးတော့ စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ကနေပြီးတော့ ထုတ်လုပ်မှုခွဲဝေရေး စာချုပ်ချုပ်ဆိုတဲ့နေရာမှာ အငြင်းပွားဖွယ်ရာတွေ ပေါ်ပေါက်လာလို့ရှိရင်လည်း အဲ့ဒီကိစ္စတွေအတွက်ကို ဗဟိုအဖွဲ့အစည်းတစ်ခုဖွဲ့ပြီးတော့ ဖြေရှင်းသင့်ပါတယ်ဆိုတဲ့အဆို ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဒေါ်တင်နွယ်ဦးအနေနဲ့ Production Sharing Contract လို့ခေါ်တဲ့ထုတ်လုပ်မှု စာချုပ်နဲ့ပတ်သက်ပြီး အဓိပ္ပါယ်ဖွင့်ဆိုချက်တွေ တော်တော်ပြည့်ပြည့်စုံစုံကို တင်ပြသွားတာတွေ့ရပါတယ်။ ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်းပါပဲ ဝန်ကြီးဌာနတွေအနေနဲ့ Production Sharing Contract တချို့ကလည်းပဲ Profit Sharing

Contract လို့ခေါ်ပါတယ်။ အဲ့ဒါတွေကို ချုပ်ဆိုပါတယ်။ ချုပ်ဆိုတဲ့နေရာမှာ Contract တစ်ခုနဲ့ တစ်ခုဟာ သဘာဝကိုလိုက်ပြီးတော့ ကွာခြားပါတယ်။ ဝန်ကြီးဌာနတစ်ခုနဲ့တစ်ခုလည်း မတူပါဘူး ခင်ဗျ။ ထို့အတူပဲ ဝန်ကြီးဌာနတစ်ခုတည်းမှာတောင်မှ လုပ်ငန်းအမျိုးအစားကိုလိုက်ပြီးတော့ ကွာခြား တာတွေရှိပါတယ်။ အဲ့လိုကွာခြားတာတွေရှိတဲ့အကြောင်းတစ်ခုကြောင့်လည်းပဲ ဗဟိုအဖွဲ့တစ်ဖွဲ့အနေ နဲ့ ဒါကို ကြီးကြပ်ဖို့ဆိုတဲ့ကိစ္စဟာ ခက်ခဲနေပါတယ်။ နောက်တစ်ချက်ကလည်းပဲ အငြင်းပွားဖွယ်ရာ ကိစ္စဆိုတဲ့စကားလေးပါ။ အငြင်းပွားဖွယ်ရာကိစ္စတွေပေါ်ပေါက်လာမယ်။ တနည်းအားဖြင့် အငြင်းပွား မှုတွေဖြစ်လာမယ်ဆိုလို့ရှိရင် အဲ့ဒီ Contract တွေမှာကိုက အငြင်းပွားမှုကိုဖြေရှင်းတဲ့ ယန္တရားတွေ ပါဝင်ပြီး ဖြစ်ပါတယ်။ အငြင်းပွားမှုဖြေရှင်းတဲ့ ပြဋ္ဌာန်းချက်တွေပါဝင်ပြီး ဖြစ်ပါတယ်။ အဲ့ဒီ Contract တိုင်းလိုလိုမှာပဲ အငြင်းပွားမှုဖြေရှင်းတဲ့အခါမှာလည်းပဲ နိုင်ငံတကာလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဖြေရှင်းပါတယ်။ အငြင်းပွားမှုဖြေရှင်းတဲ့နေရာမှာ တရားရုံးကိုသွားမယ့်အစား အရပ်ဖက်ဖြေရှင်း နည်းတွေကို သုံးပါတယ်။ အရပ်ဖက်ဖြေရှင်းနည်းဟာလည်းပဲ နှစ်ဆင့်ရှိပါတယ်ခင်ဗျား။ ပထမ တစ်ဆင့်ကတော့ Mediation လို့ခေါ်တဲ့ ကြားဝင်ဖြန်ဖြေပေးခြင်း ဖြစ်ပါတယ်။ ကြားဝင်ဖြန်ဖြေပေး လို့မှမရဘူးဆိုလို့ရှိရင်တော့ ကျွန်တော်တို့ သက်ဆိုင်ရာလုပ်ငန်းတွေမှာ အတွေ့အကြုံများပြီးတော့ သမာဓိရှိတဲ့ လုပ်ငန်းဆိုင်ရာကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေကို ခုံအဖွဲ့ဖွဲ့ပေးပါတယ်။ အနုညာတခုံအဖွဲ့ ဖွဲ့ပြီးတော့ ဖြေရှင်းတဲ့နည်းဖြစ်ပါတယ်။ အဲ့ဒါကို Arbitration ဆိုပြီးတော့ အားလုံးသိတဲ့အတိုင်းပဲ ခေါ်ပါတယ်ခင်ဗျား။ ကျွန်တော် ဒီအတိုင်းပဲ Arbitration ဖြေရှင်းတဲ့အခါမှာ လိုက်နာရမည့်စည်းမျဉ်း စည်းကမ်းတွေကလည်းပဲ သုံးမျိုးရှိပါတယ်။ ကမ္ဘာပေါ်မှာ။ ပထမတစ်ခုကတော့ ကုလသမဂ္ဂ ပြဋ္ဌာန်း ထားတာဖြစ်ပါတယ်။

ဒုတိယတစ်ခုကတော့ နိုင်ငံတကာကုန်သည်ကြီးများအသင်း ICC ကနေ ပြဋ္ဌာန်းထားတာဖြစ်ပါ တယ်။ တတိယတစ်ခုကတော့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ အငြင်းပွားမှုတွေကို ဖြေရှင်းမယ့် သဘောတူစာချုပ်ကပြဋ္ဌာန်းပေးထားတာ သုံးမျိုးရှိပါတယ်။ အဲ့ဒီ သုံးမျိုးအပြင် ဒီအငြင်းပွားမှုများ ကိုဖြေရှင်းပေးတဲ့ ဗဟိုဌာနတွေလည်းရှိပါတယ်။ Arbitration Centre တွေရှိပါတယ်။ ဗဟိုဌာန တွေက ဒီအာရှတိုက်မှာဆိုလို့ရှိရင် ကွာလာလမ်ပူမှာ ရှိပါတယ်ခင်ဗျား။ စင်ကာပူမှာဆိုလို့ရှိရင် Singapore Intrenational Arbitration Centre နဲ့ Maxwell Chambers ဆိုပြီး တစ်ခုဆိုတာ ရှိပါတယ်။ ထို့အတူပဲ လန်ဒန်တို့၊ ပြင်သစ်တို့ နယူးယောက်တို့မှာရှိပါတယ်။ နောက်တစ်ချက်က ဒီခုံရုံး တွေကဖြေရှင်းတဲ့ ဖြေရှင်းချက်၊ ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်ပေးဖို့အတွက်ကလည်းပဲ

နိုင်ငံတွေအနေနဲ့က နိုင်ငံတကာစာချုပ်မှာ အဖွဲ့ဝင်အဖြစ်နဲ့ ပါဝင်ရပါတယ်။ အဲ့ဒီစာချုပ်ကတော့ ၁၉၅၈ ခုနှစ်မှာ ချုပ်ဆိုခဲ့တဲ့ နယူးယောက်ကွန်ဗင်းရှင်းဖြစ်ပါတယ်။ ဒီ နယူးယောက်ကွန်ဗင်းရှင်းမှာ မြန်မာပြည်ဟာ ၂၀၁၃ ခုနှစ်ကတည်းကပါဝင်ပြီး ဖြစ်ပါတယ်။ ဆိုတဲ့အဲ့ဒီဟာတွေကို ကျွန်တော်တို့ ဒါအငြင်းပွားမှုတွေပေါ်ပေါက်လာရင် ဖြေရှင်းဖို့အတွက်ကိုလုပ်ထားတဲ့ ယန္တရားတွေ ဖြစ်ပါတယ်။ ခုနကကျွန်တော်တင်ပြခဲ့တဲ့အတိုင်းပဲ အငြင်းပွားမှုတွေဟာ အမျိုးအစားချင်းမတူတဲ့အတွက်ကြောင့် သူ့ယန္တရားနဲ့သူဖြေရှင်းရတာဖြစ်လို့ ဗဟိုအဖွဲ့အစည်းတစ်ခုကနေ ဖြေရှင်းဖို့ဆိုတဲ့ကိစ္စဟာ ဥပဒေကြောင်းအရ မဖြစ်နိုင်ပါဘူး။ နောက်တစ်ချက်ကလည်း ဒီ PSC Contract တွေကို ကြီးကြပ်ဖို့ကိစ္စကလည်းပဲ လုပ်ငန်းကျွမ်းကျင်မှုတွေလိုပါတယ်။ သူ့ဌာနနဲ့သူဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာဌာနတွေက ကြီးကြပ်ပြီးတော့မှ အဲ့ဒီဌာနတွေရဲ့ အပေါ်မှာရှိတဲ့ ဝန်ကြီးဌာနတွေက ကြီးကြပ်တာဒါအလျင်မြန်ဆုံး၊ အထိရောက်ဆုံး၊ အထက်မြက်ဆုံးဖြစ်သွားမှာ ဖြစ်ပါတယ်။ နောက်ထပ်က ဗဟိုဌာနကြီးတစ်ခုဖွဲ့ပြီးတော့ ကြီးကြပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅ မှာ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးမယ်ဆိုပြီးပါနေပါတယ်။ အဲ့ဒါနဲ့ ဆန့်ကျင်ပြီးတော့ ဗဟိုချုပ်ကိုင်တဲ့စနစ်ကို ပြန်ရောက်သွားမယ့်အနေအထားတွေလည်းရှိပါတယ်။ အဲ့ဒီတော့ အချုပ်အားဖြင့် တင်ပြရမယ်ဆိုရင်တော့လက်ရှိကျင့်သုံးနေတဲ့ သက်ဆိုင်ရာဌာနတွေက ကြီးကြပ်ပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးဌာနက ကြီးကြပ်တဲ့စနစ်က အကောင်းဆုံးဖြစ်ပါတယ်။ သို့သော်လည်း နောင်မှာ အရှုပ်အရှင်းတွေများလာရင်ပေါ့ ကျွန်တော်တို့ဆီမှာတော့ အခုအရှုပ်အရှင်းက နည်းပါတယ်။ များလာတဲ့ တစ်နေ့မှာတော့ မြန်မာနိုင်ငံမှာလည်းပဲ Arbitration Centre လိုဟာမျိုး ဖွင့်ပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ သို့သော်လည်းပဲ ကိုယ်စားလှယ်တော်ကြီးအနေနဲ့ စိတ်ကောင်း၊ စေတနာကောင်းနဲ့ အကြံပြုတာဖြစ်တဲ့အတွက် ဒီအဆိုကိုတော့ မှတ်တမ်းတင်ထားသင့်ပါကြောင်း လေးစားစွာနဲ့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။ ကျွန်တော်က ဆွေးနွေးဖို့ ဖိတ်ခေါ်မလို့စဉ်းစားတုန်းရှိသေးတယ်။ မတ်တတ်ရပ်ထားတော့ မိုက်မရတာပါ။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မက မှတ်တမ်းတင်စေချင်လို့ ဒီအဆိုကို အပင်ပန်းခံပြီးတင်တာမဟုတ်ပါဘူး။ ကျွန်မနဲ့ ပတ်သက်လို့ ဒီလွှတ်တော်က ဆုံးဖြတ်ချက်တစ်ခါမှားခဲ့ဖူးတာရှိပါတယ်။ အဲ့ဒါဆိုရင် နဂိုက အရင်တုန်း

က အကြောင်းအရာပြန်မပြောရလို့ ဥပဒေမှာပါပေမယ့် ပြောခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးထံ ခွင့်တောင်းခံအပ်ပါတယ်။ အခုနိုင်ငံတော်အစိုးရကနေပြီးတော့ Third Wave ဆိုပြီးတော့ အုပ်ချုပ်ရေး ယန္တရား ပြင်မယ်လို့ပြောခဲ့တာ အဲ့ဒါ ကျွန်မ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ မှာကတည်းက Bureaucracy Mechanism ကို တင်ခဲ့ပါတယ်။ အဲ့ဒီမှာကတည်းက ကောင်းမွန်တဲ့အစိုးရဆိုတာ ဘယ်လိုဟာမျိုး ရှိတယ်။ အဲ့ဒါကြောင့်မို့လို့ အုပ်ချုပ်ရေးယန္တရားကို ပြင်မှရမယ်။ Decentralization တွေလုပ်ပြီးတော့ ဘယ်လို Vertically အနေနဲ့အုပ်ချုပ်မယ်။ ဘယ်လို Horizontally လုပ်မယ်ဆိုတာ မလုပ်ခဲ့ဘူး။ မလုပ်တဲ့အတွက်ကြောင့် အုပ်ချုပ်ရေးယန္တရားကြောင့် ဘတ်ဂျက်ဆိုရင်လည်း ပြင်ရတာခက်ပါတယ်။ အခြားဘာတွေပဲ ကိုင်လိုက်ကိုင်လိုက်အခုလည်း ပညာရေး၊ ကျန်းမာရေးကိစ္စကို ခွဲပေးတဲ့အခါကျတော့ ပြဿနာတွေဖြစ်တာက ဒီအုပ်ချုပ်ရေးယန္တရားမပြင်လို့ဖြစ်ပါတယ်။ အခုမှ အုပ်ချုပ်ရေးယန္တရားကို ပြင်မယ်ဆိုပြီးတော့ ကျွန်မပြောခဲ့တဲ့ Secretary မျိုးကို ဖြစ်အောင်လို့ဆိုပြီးတော့ နတ်ရေစင်နဲ့ ပက်ဖြန်းသလို တစ်ခါလူတွေကို သင်တန်းပေးပြီးတော့ အတွင်းဝန်ဆိုပြီးခေါ်ဖို့လုပ်နေတာ ကြားရပါတယ်။ အဲ့ဒီတော့ သင်တန်းတက်နေတဲ့လူတွေလည်းရှိနေပါတယ်။ အဲ့ဒီတော့ အတွင်းဝန်ဆိုပြီးတော့ ဒီလို ပါးစပ်ကြီးနဲ့ ခေါ်လို့မရပါဘူး။ သင်တန်းပေးလို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူကဟိုးအောက်အဆင့်ထဲက အဆင့်ဆင့်တက်လာရတာဖြစ်ပါတယ်။ သူ့မှာ Work Experience တွေရှိရမှာပါ။ နောက်ပြီးတော့ သူ့အပေါ်ဆင့်ကနေပြီးတော့ အဆင့်ဆင့်သူ့ကို သင်ပြပေးခဲ့ရတာလည်းရှိရမှာပါ။ သူ့မှာကျွမ်းကျင်တဲ့ Training လည်းရှိရမှာပါ။ သူကိုယ်တိုင်ကိုကလည်း အဆင့်မြင့်ပညာတတ်ဖြစ်ရမှာပါ။ အဲ့ဒီတော့ အဆင့်မြင့်ပညာတတ်သော၊ ကျွမ်းကျင်သော၊ Training ကောင်းကောင်းရထားပြီးသောသူများက နှစ်ပေါင်းမြောက်များစွာ ပြုစုပျိုးထောင်ပြီးမှ Bureaucracy Mechanism ကိုဖြစ်လာတာကို အခုသုံးပတ်လား၊ ဘာလားနဲ့သင်တန်းပေးပြီးတော့ အတွင်းဝန်လို့ ခေါ်မယ်ဆိုတာ တိုင်းပြည်အတွက် အများကြီးနစ်နာတဲ့မှားယွင်းချက် Third Wave ဖြစ်ပါတယ်လို့ တင်ပြပါရစေ။ အဲ့ဒီတော့ ဒီအကြောင်းကိုပြောရမယ်ဆိုရင် ကျွန်မရဲ့ဆရာ ဆရာဦးမောင်မောင်သိမ်း ပြောတာကို ကျွန်မက အငြင်းပွားဖွယ်ရာမရှိဘူးလို့ ပြောတာကို လက်မခံပါဘူး။ အခုလောလောဆယ်ဆယ် ကျွန်မ ကုမ္ပဏီအမည်ပြောလို့မရလို့ပါ။ မလေးရှားကုမ္ပဏီကနေပြီးတော့ ကျွန်မတို့ဒီရေနံတွေပို့တဲ့ကိစ္စမှာ ကျွန်မတို့တိုင်းပြည်က သန်း ၆၀ အဲ့ဒီကုမ္ပဏီက သန်း ၆၀၊ ယိုးဒယားကို ရောင်းထားတာ ဒေါ်လာသန်း ၁၂၀ လောလောဆယ်ဆယ်ရစရာရှိပါတယ်။ အဲ့ဒါကို ဘာကြောင့် ဝန်ကြီးကမတောင်းတာလဲလို့ မေးရမလိုဖြစ်ပါတယ်။ နောက်တစ်ခုက ဆူဒန်ဘက်မှာ ရေနံပိုက်

လိုင်းဖြတ်တာ တစ်မိုင်ကို ဒေါ်လာ ၄၅ ဒေါ်လာလောက်ရှိပါတယ်။ အခု ကျွန်မတို့ တရုတ်ပြည်က ဖြတ်တာကို ဘယ်လောက်ပေးလဲ၊ ဘယ်လောက်ပေးရသလဲ။

နောက်တစ်ခုက တရုတ်ပြည်ပိုက်လိုင်း အရှည်ဟာ ဘယ်လောက်လဲဆိုတာ တွက်ပြီးတော့ ရပါပြီလား။ အဲ့လိုမေးချင်ပါတယ်။ အဲ့တော့ နောက်တစ်ခုက ဒီပိုက်လိုင်းဖြတ်ရုံတင်မဟုတ်ပါဘူး။ ပိုက်လိုင်းဖြတ်ခပေးရတာ မဟုတ်ပါဘူး။ ပိုက်လိုင်းဖြတ်ရင်ပိုက်ရဲ့ ဘယ်၊ ညာ ပေ ၃၀၊ ပေ ၃၀ ပေ ၆၀ Land use အတွက် ပေးရတာရှိပါတယ်။ အဲ့ဒီတော့ ရေနံကုမ္ပဏီကြီးတစ်ခုဆိုလို့ရှိရင် ဒီ Land use အတွက်ကို တစ်နှစ်လျှင် ဒေါ်လာတစ်သန်း ပေးရပါတယ်။ အဲ့တော့ အားလုံးပေါင်းကီလိုမီတာ ၄၀၀ ကို ဒေါ်လာတစ်သန်းဆိုတာ တစ်မိုင်ကို ဒေါ်လာ ၄၀၀၀ ပေးရပါတယ်။ အဲ့တော့ အဲ့ဒါတွေကောရပါပြီလား။ အဲ့ဒါတွေကော သိပါပြီလားလို့ မေးချင်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဝန်ကြီးတစ်ယောက်တည်းရဲ့ဆုံးဖြတ်ချက်ဖြစ်တဲ့ ဟုတ်တယ်/မဟုတ်ဘူး။ Yes or No ဆိုတာနဲ့ ဆုံးဖြတ်လို့ မရတဲ့အတွက် ကျွန်မက ဒီ Board ကြီးဖွဲ့ဖို့လိုတယ်လို့ပြောတာပါ။ ပြီးခဲ့တဲ့အခါတုန်းက ကျွန်မပြောဖူးပါတယ်။ ၁၉၅၆ တုန်းက ဒီပုဂ္ဂလိက လွတ်လပ်ခွင့်တွေပေးပြီးတော့ လုပ်တဲ့အခါမှာ ပြန်ပြီးတော့ စစ်ဆေးဖို့အတွက် Board of Board ဆိုတာ ပြန်ဖွဲ့ရတာရှိပါတယ်။ အဲ့တော့ Board နဲ့မရဘူးဆိုရင် Cabinet ကိုတင်။ Act တွေပါ ပြန်ပြီးတော့ပြုစုရတာရှိပါတယ်။ အခုက Act ကြီးလုပ်မယ့်အစား ကျွန်မက ဒီ Product Sharing နဲ့ပတ်သက်တဲ့ ဒီဆက်နွယ်တဲ့ ဒီဝန်ကြီးဌာနတွေအပေါ်မှာ ဒီဟာကို Governing Body သဘော Monitoring လုပ်တဲ့ Governing Body သဘော အဲဒီ Regulatory Committee တစ်ခု ဖွဲ့ဖို့ အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့ပတ်သက်လို့ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များရှိက ဆွေးနွေးနိုင်ပါတယ်။

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)။** ။ စောစောက ဒေါ်တင်နွယ်ဦး တင်သွားတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ ဒုတိယဝန်ကြီး ပြန်လည်ဖြေကြားသွားတာ ကျွန်တော်နားလည်တာက ဒေါ်တင်နွယ်ဦးတင်တာက ကျွန်တော်တို့နိုင်ငံက အခြားအခြားသောနိုင်ငံခြားကုမ္ပဏီများ သို့မဟုတ် ပြည်တွင်းကုမ္ပဏီများနဲ့ Product sharing လုပ်တဲ့အခါမှာ နစ်နာမှုတွေမဖြစ်အောင်လို့ ကော်မတီတစ်ရပ်ဖွဲ့ပေးဖို့ တင်တဲ့ကိစ္စဖြစ်ပါတယ်။ စောစောက ဒုတိယဝန်ကြီးပြန်လည်ဖြေကြားသွားတာက အဲ့ဒီလို အငြင်းပွားမှုတွေဖြစ်လာရင် ဘယ်လိုဖြေရှင်းတယ်ဆိုတဲ့အပိုင်းကိုပဲတင်ပြသွားတာဖြစ်ပါတယ်။

တကယ်တမ်းကျတော့ အငြင်းပွားမှုတွေဖြစ်တဲ့အခါမှာ ဖြေရှင်းတဲ့နေရာမှာ မူလရှိတဲ့ကန်ထရိုက်က အရေးကြီးပါတယ်။ မူလရှိတဲ့ကန်ထရိုက်မှာကတည်းကိုက စောစောက ဒေါ်တင်နွယ်ဦးပြောသလို သေချာစွာနဲ့ Supervise ကြီးကြပ်တဲ့ကော်မတီတစ်ရပ်မရှိခဲ့လို့ရှိရင်တော့ စာချုပ်မှာကိုက အားနည်းနေလို့ရှိရင် ကျွန်တော်တို့နိုင်ငံဟာ ရသင့်ရထိုက်တာမရဘဲနဲ့ ဆုံးရှုံးတာတွေဖြစ်ရမှာဖြစ်ပါတယ်။ အခုလည်းပဲ တချို့ နိုင်ငံတော်ကနေပြီးတော့ လုပ်ထားတဲ့လုပ်ငန်းကြီးတွေ ကျွန်တော် မှားရင်တော့မှားပါမယ်။ ဥပမာ-ထားဝယ်ရေနက်ဆိပ်ကမ်းဆိုရင် ဒါနိုင်ငံခြားကုမ္ပဏီတစ်ခုနဲ့စာချုပ်ချုပ်ပြီးလုပ်လိုက်တယ်။ သို့သော်လည်းပဲ အဲ့ဒီကုမ္ပဏီက ဒီနေ့အချိန်အထိ အကောင်အထည်သေသေချာချာမဖော်သေးဘူး။ ကျွန်တော်တို့ဘက်ကလည်း စာချုပ်မှာအားနည်းချက်တွေတော့ တချို့ရှိတယ်လို့တော့ သိရတယ်။ ဒါနဲ့ပတ်သက်ပြီး သေသေချာချာ အကောင်အထည်ဖော်အောင်လို့ ဆောင်ရွက်နိုင်ခြင်းမရှိတာ ဒါ ဥပမာတစ်ခုပြောပြတာပါ။

နောက်တစ်ခုကတော့ စောစောက ဒေါ်တင်နွယ်ဦးပြောပြသလိုပဲ ရေနံပိုက်လိုင်းကိစ္စ တကယ်တမ်း တခြားနိုင်ငံတွေမှာ ဘယ်လောက်ရသလဲ။ ကျွန်တော်တို့နိုင်ငံက ရထားတာကော ရသင့်ရထိုက်သလောက်ရအောင် ဆောင်ရွက်နိုင်ခဲ့သလား။ ရေအားလျှပ်စစ်တွေရှိတယ်။ ရေအားလျှပ်စစ်တွေလည်းပဲ ထို့နည်းတူစွာပဲ Product Sharing ၁၀၊ ၁၅ ကျွန်တော်တို့ရတယ်။ တကယ်တမ်း သူတို့ရဲ့ Investment ကဘယ်လောက်ရှိသလဲ။ Rate of Return ဘယ်လောက်ရနေသလဲ။ ရသင့်တာထက် Investor တွေက မှန်မှန်ကန်ကန်ရနေတာထက် ပိုရနေသလား။ ဒါတွေကို သေသေချာချာ စိစစ်ပြီးတော့မှ ကျွန်တော်တို့နိုင်ငံက သယံဇာတတွေကို အသုံးပြုခွင့်ပေးထားသောလုပ်ငန်းများနဲ့ စာချုပ်ချုပ်ဆိုတဲ့နေရာမှာ မူလစာချုပ်မှာကတည်းကိုက ကျွန်တော်တို့နိုင်ငံအတွက် ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ မဆုံးရှုံးရအောင်လို့ ဒါသက်ဆိုင်ရာဝန်ကြီးတစ်ဦးကနေပြီးတော့ ဆုံးဖြတ်တာထက် ပိုမို၍ အင်အားရှိတဲ့ အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းဖို့ တင်ပြတဲ့ကိစ္စဟာ တကယ်လိုအပ်တယ်ဆိုတဲ့အကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က တာဝန်ရှိတဲ့ ဒေါက်တာမောင်မောင်သိမ်း ပြန်လည်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမောင်မောင်သိမ်း(အဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ခုနက ဆွေးနွေးပေးသွားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျေးဇူးတင်ပါတယ်။ မေးခွန်းကတော့ အငြင်းပွားဖွယ်ကိစ္စဆိုတဲ့အတွက် ကျွန်တော်က အငြင်းပွားဖွယ်ကိစ္စနှင့်ပတ်သက်ပြီး ဖြေရှင်းသွားတာ ဖြစ်ပါတယ်။ ထောက်ခံဆွေးနွေးတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးကတော့ သူဦးတည်သွားတာ တော့ မူလစာချုပ်တွေရဲ့သေချာတိကျမှုကိစ္စကို ဦးတည်သွားတာဖြစ်ပါတယ်။ အဲ့ဒါလည်းပဲ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလိုပဲ အင်မတန်အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ PSC Contract တွေ ပေါ်ပေါက်လာတဲ့သမိုင်းကြောင်းလေးကို ကျွန်တော် ဒီမှာ အကျဉ်းမျှတင်ပြသွား ပါမယ်။ အရင်တုန်းက ကျွန်တော်တို့ ကမ်းလွန်ရေနံတွေမတွေ့ခင်အချိန်တုန်းက PSC Contract ဆိုတာ ကျွန်တော်တို့မှာ မရှိခဲ့ပါဘူး။ ကမ်းလွန်ရေနံတွေတွေ့လာတဲ့အချိန်ကျတော့မှ အဲ့ဒီနိုင်ငံခြားနဲ့ ရင်းနှီးမြှုပ်နှံဖို့အတွက် PSC Contract တွေဆိုတာကို ကျွန်တော်တို့ စလုပ်ပါတယ်။ လုပ်တဲ့နေရာမှာ မလုပ်ခင်မှာ နိုင်ငံတကာမှာချုပ်နေတဲ့ PSC Contract တွေကို သေချာလေ့လာပါတယ်။ အဲ့ဒါကို ကျွန်တော်တို့ အဖွဲ့တစ်ဖွဲ့ ဖွဲ့ပြီးတော့ အသေအချာလေ့လာပြီးတော့မှ အထူးသဖြင့် အင်ဒိုနီးရှားမှာရှိနေ တဲ့ PSC Contract တွေကို အသေးစိတ်လေ့လာပြီးတော့မှ မြန်မာပြည်ရဲ့အခြေအနေနဲ့ ကိုက်ညီ အောင် ဒါကိုပုံစံ Model ယူပြီးတော့ ချုပ်ခြင်းဖြစ်ပါတယ်။ ဆိုလိုချင်တာက အရမ်းကာရော မျက်စိ မှိတ်ပြီးတော့ ချုပ်တာမဟုတ်ပါဘူး။ သေသေချာချာလေ့လာပြီးတော့မှ ရှေးလူတွေက သေသေ ချာချာကိုလေ့လာပြီးတော့ ချုပ်ဆိုသွားတဲ့အနေအထားရှိပါတယ်။ နောက်တစ်ချက်ကလည်း PSC Contract ချုပ်ဆိုတဲ့နေရာမှာ သူ့ရဲ့လုပ်ငန်းစဉ်လေးကို ကျွန်တော် ဒီမှာ အကျဉ်းမျှတင်ပြချင်ပါတယ်။ PSC Contract တွေချုပ်တဲ့နေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာဌာနတစ်ခုတည်းက ချုပ်လို့မရပါဘူးခင်ဗျ။ အဲ့ဒီ ခုနကသေချာလေ့လာပြီးတော့ လုပ်ထားတဲ့ Model တွေကို မူတည် ပြီးတော့မှ ညှိနှိုင်းဆွေးနွေးမှု Negotiation တွေကို လုပ်ပါတယ်။ လုပ်လို့ ပြေလည်သွားပြီဆိုတော့မှ သက်ဆိုင်ရာဌာနအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြပြီးစိစစ်မှုကို ခံယူရပါတယ်။

ဝန်ကြီးဌာနက စိစစ်ပြီးသွားတဲ့အခါမှာလည်း ဒါပြီးပြတ်သွားတာမဟုတ်ဘဲနဲ့ ဝန်ကြီးအဖွဲ့ သို့မဟုတ် အစိုးရအဖွဲ့ကို ဒါကိုတင်ပြပြီးတော့မှ ကြီးကြပ်မှုကို ခံယူရတာဖြစ်ပါတယ်။ အဲ့ဒီလို မတင်ပြ မှုတွေ၊ တင်ပြမှုတွေမလုပ်ခင်အချိန်မှာတော့ စာချုပ်ပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီးတော့၊ ဥပဒေပိုင်းဆိုင် ရာနှင့်ပတ်သက်ပြီးတော့ ရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်တွေ၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေ ဖြစ်တဲ့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့

စသဖြင့် ဆက်နွယ်နေသောဝန်ကြီးဌာနများရဲ့ မှတ်ချက်တွေကို ကျွန်တော်တို့ရယူပြီးတော့မှ အဆင့်ဆင့်အဲ့ဒီလိုစိစစ်ပြီးတော့ သွားတာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးစိုးရိမ်သလိုပဲ ပြီးပြီးရော ချုပ်သွားတဲ့အနေအထားမရှိပါဘူး။ နောက်တစ်ခါ ကြီးကြပ်တဲ့အဖွဲ့ဆိုတာ တကယ်တော့ ဒါတွေအားလုံးကို အစိုးရအဖွဲ့က ကြီးကြပ်ပေးနေတာဖြစ်ပါတယ်ခင်ဗျ။ ဒါကြောင့်မို့လို့ ဒါကို လောလောဆယ်တော့မလိုသေးပါဘူးလို့ ကျွန်တော်က ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဒေါ်တင်နွယ်ဦး ဆွေးနွေးပါ။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်းမဲဆန္ဒနယ်)]။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မက နမူနာတွေပြောပြရမယ်ဆိုလို့ရှိရင် ဥပမာ- ဒါ BOT လုပ်သင့်သလား။ ဥပမာ- Product Sharing Contract လုပ်သင့်သလား။ နောက်တစ်ခါ MOA လုပ်သင့်သလား။ MOI လုပ်သင့်သလားဆိုတဲ့ဟာတွေတောင်မှရှိပါတယ်။ အဲ့ဒီတော့ Memorandum of Understanding(MOU) တစ်ခါ MOI ဆိုတဲ့ Initially ဒီဟာကိုသဘောတူတယ်။ ဒါကိုစိတ်ဝင်စားပါတဲ့ဆိုတာတောင်မှ စာချုပ်တွေရှိပါတယ်။ အဲ့ဒီတော့ နမူနာအားဖြင့်ပြောရမယ်ဆိုလို့ရှိရင် သံလွင်မြစ်ကြီးရှိနေတဲ့အတွက်ကြောင့် ကျွန်မတို့ကို လာပြီးတော့ BOT လုပ်တယ်။ လုပ်တဲ့အခါကျ နောက်ပျက်စီးသွားတော့ အခု ထွက်ပြေးသွားတာ ဥက္ကဋ္ဌကြီးရော၊ အကုန်လုံး မြန်မာပြည်တစ်ပြည်လုံးသိပြီးဖြစ်မှာဖြစ်ပါတယ်။ အဲ့ဒီ သံလွင်မြစ်က သူတို့မှာမရှိလို့ ကျွန်မတို့မှာရှိတဲ့ Resource ကိုလာသုံးတာပါ။ Resource သုံးတာမဟုတ်ဘူးဆိုပြီးတော့ရင် BOT သွားချုပ်လိုက်တဲ့အတွက် မှားယွင်းခဲ့တဲ့သင်ခန်းစာတွေရှိပါတယ်။ အဲ့ဒီတော့ ဘယ်ဟာက PSC ချုပ်ရမယ်။ ဘယ်ဟာ MOU ထိုးရမယ်။ ဘယ်ဟာ MOA ဆိုတဲ့အဆင့်တွေအဆင့်တွေမြောက်မြားစွာကို ဒီ Monitoring လုပ်တဲ့ Board လိုပါတယ်။ ဒီ ပြည်ထောင်စုဝန်ကြီးတစ်ဦးချင်း၊ တစ်ဦးချင်း တစ်ဦးချင်းစီရဲ့ဆုံးဖြတ်ချက်နဲ့ဆိုလို့ရှိရင် မှားယွင်းသော ဆုံးဖြတ်ချက်ဖြစ်ခဲ့တဲ့ သင်ခန်းစာတွေရှိပါတယ်။ နောက်တစ်ခုက ကျွန်မတို့ ဒီရေနံကုမ္ပဏီမှာ ဆိုလို့ရှိရင် သူတို့က ဒီ Social Impact ကိုပါ ထည့်ပြီးစဉ်းစားရတာပါ။ ဥပမာဆို TOTAL ဆိုရင် အဲ့ဒီအရပ်မှာ သူရေနံပိုက်လိုင်းဆွဲတဲ့အရပ်မှာ ကညင်ပင်တွေစိုက်တယ်ဆိုလို့ရှိရင် ကညင်ပင်ပေါက်တာကို ပြန်စိုက်ပေးရပါတယ်။ Botanist တွေက သွားပြီးတော့လေ့လာ၊ လေ့လာပြီး နဂိုအပင်တွေ ပြန်စိုက်ပေးရပါတယ်။ အဲ့ဒီတော့ Social နဲ့ပတ်သက်တာပါ တစ်ခါပြန်ပြီးတော့လုပ်ပေးရတာ Business တင်လုပ်တာမဟုတ်ပါဘူး။ Social Impact ပါထည့်လုပ်ပေးရတဲ့ အလားအလာတွေရှိခဲ့ပါတယ်။ အဲ့ဒီတော့

တိုင်းပြည်ရဲ့ ဒီသဘာဝစွမ်းအင်မြောက်မြားစွာ ဆုံးရှုံးတာလည်းရှိတယ်။ နောက်တစ်ခါ ဒီစံနှုန်း သတ်မှတ်တဲ့အခါမှာ ဥက္ကဋ္ဌကြီးက သတိပေးမှာစိုးလို့ ကျွန်မတို့မြန်မာပြည်သူပြည်သားတွေက အရည် အချင်းညံ့ဖျင်းတဲ့အတွက်ကြောင့်မို့လို့ စံနှုန်းပြည့်လား၊ မပြည့်လားဆိုတာမသိဘူး။ ဈေးနှုန်းတွက်တဲ့ အခါမှာလည်း Market Price တွေ ဘယ်လောက်ဖြစ်နေတယ်ဆိုတာ မသိတဲ့အတွက်ကြောင့်မို့လို့ အဲ့ဒါတွေကိုက မမြင်ရတဲ့နစ်နာချက်တွေပါ အများကြီးရှိတဲ့အတွက်ကြောင့်မို့လို့ ဒီ Governing Body တစ်ခု ဒီလိုစီမံခန့်ခွဲတဲ့ Body ဖွဲ့သင့်ပါကြောင်း ထပ်မံအဆိုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဓနအင်အားဖွံ့ဖြိုးရေးတွင် အရေးပါလှသော နိုင်ငံခြားအဖွဲ့အစည်း၊ ကုမ္ပဏီများနှင့်ပူးတွဲ၍ စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနစသည်တို့တွင် ထုတ်ယူသုံးစွဲမှု၊ ရောင်းချမှုနှင့် လုပ်ငန်းဆောင်ရွက်မှုလုပ်ဆောင်ရန် ထုတ်လုပ်မှု ခွဲဝေရေးစာချုပ်စာတမ်းများ (Product Sharing Contract) ချုပ်ဆိုခြင်းနှင့်ပတ်သက်၍ အငြင်းပွားဖွယ်ရာများပေါ်ပေါက်သည့် ကိစ္စရပ်များအတွက် နိုင်ငံတော်အဆင့် ကြီးကြပ်သည့်ကော်မတီတစ်ရပ်ဖွဲ့စည်းရန် နိုင်ငံတော်အစိုးရအား တိုက်တွန်း ကြောင်းအဆိုနှင့်စပ်လျဉ်းပြီး စက်ခလုတ်ဆန္ဒမဲပေးတဲ့နည်းလမ်းကို အသုံးပြုပြီး မဲခွဲဆုံးဖြတ်မှာဖြစ် ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ရှိစေလိုပါတယ်။ ဒုတိယဝန်ကြီးများ ရှေ့မှောက်မှာရှိတဲ့ကတ်များနုတ် ထားဖို့ဖြစ်ပါတယ်။ ထောက်ခံမဲ ၂၇၈၊ ကန့်ကွက်မဲ ၃၅၊ ကြားနေမဲ ၂၁။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ထောက်ခံတဲ့ ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဒေါ်တင်နွယ်ဦးတင်သွင်းတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဓနအင်အားဖွံ့ဖြိုးရေးတွင် အရေးပါလှသော နိုင်ငံခြားအဖွဲ့ အစည်း၊ ကုမ္ပဏီများနှင့်ပူးတွဲ၍ စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သတ္တုတွင်း ဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနစသည်တို့တွင် ထုတ်ယူသုံးစွဲမှု၊ ရောင်းချမှုနှင့် လုပ်ငန်း ဆောင်ရွက်မှုလုပ်ဆောင်ရန် ထုတ်လုပ်မှုခွဲဝေရေးစာချုပ်စာတမ်းများ (Product Sharing Contract) ချုပ်ဆိုခြင်းနှင့်ပတ်သက်၍ အငြင်းပွားဖွယ်ရာများ ပေါ်ပေါက်လာသည့် ကိစ္စရပ်များ အတွက် နိုင်ငံတော်အဆင့် ကြီးကြပ်သည့်ကော်မတီတစ်ရပ်ဖွဲ့စည်းရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ဖြစ်သော ၂၀-၁၀-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများ အတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲ အလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း ပြည်သူ့လွှတ်တော်က ပြင်ဆင်ခြင်းမပြုသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို အတည်ပြု ခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(က)အရ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၁)ချက်ကို တင်ပြရန် ဥပဒေကြမ်းကော်မတီကိုဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ၂၃-၁၀-၂၀၁၄ ရက်နေ့မှာ လွှတ်တော်မှာ ဖတ်ကြားရှင်းလင်း တင်ပြခဲ့ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် များရဲ့အမည်စာရင်းကို ၂၆-၁၀-၂၀၁၄ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ပြင်ဆင်ချက် အဆိုများတင်သွင်းခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ၂၀-၁-၂၀၁၅ ရက်နေ့မှာ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်နှင့်အတူ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူညီချက်အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များဖြစ်တဲ့ ပေးထားတဲ့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၉ အမှတ်စဉ် ၃၁ မှာရှိတဲ့ အခန်း(၆) ပုဒ်မ ၁၅ ပုဒ်မခွဲ(ဃ)ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်အတိုင်း ဥပဒေကြမ်းကော်မတီက လက်ခံသဘောတူ ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ စာမျက်နှာ ၉ အမှတ်စဉ် ၃၁ ရှိ ပုဒ်မ ၁၅ ပုဒ်မခွဲ(ဃ)အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၁)ချက်ကို ဥပဒေကြမ်း ကော်မတီက သဘောတူထားပါတယ်။ သဘောတူထားတဲ့ (၁)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အနက်မှ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့(၁)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင် ချက်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ၃၆ ချက်အား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကို သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ခဲ့သည့် အချက် ၃၆ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ ပေးထားတဲ့၊ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၁ အမှတ်စဉ် ၁ ဥပဒေခေါင်းစီး၊ အမှတ်စဉ် ၂ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)တို့ကို အသစ်ဖြည့်စွက်ချက်၊ အမှတ်စဉ် ၃ မူလအပိုဒ် ၂ အပိုဒ်ခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့ကို ပယ်ဖျက်ခြင်း၊ အမှတ်စဉ် ၄ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၊ စာမျက်နှာ ၂ အမှတ်စဉ် ၅ အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)နှင့် အပိုဒ်ခွဲငယ်(၃)၊ အမှတ်စဉ် ၆ ပုဒ်မခွဲငယ်(၄)အသစ်ဖြည့်စွက်ခြင်း၊ အမှတ်စဉ် ၇ အပိုဒ် ၄ အပိုဒ်ခွဲ(ဃ)ကိုပယ်ဖျက်ခြင်း၊ စာမျက်နှာ ၂ နှင့် စာမျက်နှာ ၃ အမှတ်စဉ် ၈ အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅)၊ အပိုဒ်ခွဲငယ်(၆)နှင့် အပိုဒ်ခွဲငယ်(၇)၊ စာမျက်နှာ ၃ အမှတ်စဉ် ၉ အပိုဒ် ၄ အပိုဒ်ခွဲ(ဈ)ကို ပယ်ဖျက်ခြင်း၊ အမှတ်စဉ် ၁၀ အပိုဒ် ၅၊ အမှတ်စဉ် ၁၁ အပိုဒ် ၆၊ စာမျက်နှာ ၄ အမှတ်စဉ် ၁၂ အပိုဒ် ၇၊ အမှတ်စဉ် ၁၃ အပိုဒ် ၈၊ စာမျက်နှာ ၄ နှင့် စာမျက်နှာ ၅ အမှတ်စဉ် ၁၄ မှ အမှတ်စဉ် ၁၇ ထိ အပိုဒ် ၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ်ခွဲ(ဆ)၊ စာမျက်နှာ ၆ အမှတ်စဉ် ၁၈ နှင့် အမှတ်စဉ် ၁၉ အပိုဒ် ၉ အပိုဒ်ခွဲ(င)နှင့် အပိုဒ်ခွဲ(စ)တို့အား ပယ်ဖျက်ခြင်း၊ အမှတ်စဉ် ၂၀ အပိုဒ် ၉ အပိုဒ်ခွဲ(ဇ)၊ အမှတ်စဉ် ၂၁ မူလအပိုဒ် ၉ အပိုဒ်ခွဲ(ဇ)အား ပယ်ဖျက်ခြင်း၊ အမှတ်စဉ် ၂၂ အပိုဒ် ၉ အပိုဒ်ခွဲ(ဈ)၊ စာမျက်နှာ ၇ အမှတ်စဉ် ၂၃ အပိုဒ် ၁၀ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ) တို့ကို အသစ်ဖြည့်စွက်ခြင်း၊ စာမျက်နှာ ၇ နှင့် စာမျက်နှာ ၈ အမှတ်စဉ် ၂၄ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င)တို့ကို အသစ်ဖြည့်စွက်ခြင်း၊ စာမျက်နှာ ၈ အမှတ်စဉ် ၂၅ အပိုဒ် ၁၂၊ အမှတ်စဉ် ၂၆ အပိုဒ် ၁၃၊ စာမျက်နှာ ၉ အမှတ်စဉ် ၂၇ မှ အမှတ်စဉ် ၃၀ အပိုဒ် ၁၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)တို့ကို အသစ်ဖြည့်စွက်ခြင်း၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(ဃ)၊ စာမျက်နှာ ၁၀ အမှတ်စဉ် ၃၂ မှ အမှတ်စဉ် ၃၅ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈ တို့ကို အသစ်ဖြည့်စွက်ခြင်း၊ အပိုဒ် ၁၉ စာမျက်နှာ ၁၁ အမှတ်စဉ် ၃၆ မှ အမှတ်စဉ် ၃၇ အပိုဒ် ၁၄၊ အပိုဒ် ၂၀ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အတည်ပြုချက် ၃၆ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၃၆ ချက်အား အတည်ပြု ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေ ဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၃၆ ချက်သည် ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးဆုံးဖြတ်ချက်များ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များ ကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းသည့် ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော် သို့ပေးပို့လာတဲ့ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းကို ၂၂-၁-၂၀၁၅ ရက်နေ့မှာ အမျိုးသား လွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃၀-၁-၂၀၁၅ ရက် (သောကြာနေ့) နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို မနက်ဖြန် ၂၈-၁-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၂း၁၅။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**